မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

နေမင်းသည်နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့် တောက်ပ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၂၀၇)

■ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်ဖွင့်လှစ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၀

အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ အာကာသသိပ္ပံနှင့် နည်းပညာဗဟိုပြုတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာအာကာသ

စာမျက်နှာ ၁၆ ကော်လံ ၅ ★


အထူးမိုးလေဝသ သတင်း

နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသောလေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများတွေ့ဆုံမှုကြောင့်

စာမျက်နှာ ၁၁ ကော်လံ ၃ ➡

မိုးလေဝသနှင့်လေဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၀-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၁-၁၁-၂၀၂၆ ရက်နေ့မှ ၁၂-၁၁-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ

စာ - ၃ သို့

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်

စာ - ၁၄ သို့

ဗျာပုံမြို့နယ်ရှိ နောင်တော်ကြီးဆိုလာစနစ် ရေတင်စီမံကိန်းဖြင့် နွေစပါးစိုက်ကေ ၁၀၀ အား ရေပေးဝေသွားမည်

ပုသိမ် နိုဝင်ဘာ ၁၀

ရော၀တီတိုင်းဒေသကြီး ဗျာပုံခရိုင် ဗျာပုံမြို့နယ် နောင်တော်ကြီးကျေးရွာ၌ နောင်တော်ကြီး ဆိုလာရေတင်စီမံကိန်းဖြင့် နွေစပါးစိုက်ဧက ၁၀၀ ကို ဆိုလာ ၄၈ ကီလိုဝပ်၊ ရေပေးမြောင်းပေ ၃၁၂၀ ဖြင့် ရေပေးဝေဆောင်ရွက်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်မည့်အခြေအနေကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) တိုင်းဦးစီးမှူးက နောင်တော်ကြီး ဆိုလာရေတင်စီမံကိန်းဧက ၁၀၀ တွင်

စာမျက်နှာ ၄ ကော်လံ ၁ ➤

ဆောင်းပါး

ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ အားလုံးပါဝင် ဆောင်ရွက်စို့

စာ - ၁၃ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်

စိတ်ရင်းစေတနာမှန်ဖြင့် ပါဝင်ဆောင်ရွက်

ယနေ့အချိန်အခါသည် တိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညီ ညွတ်ညွတ်ဖြင့် နိုင်ငံတော်ကို အတူတကွ တည်ဆောက်နေချိန်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိစေရန် အဓိကလိုအပ်ချက်မှာ နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းနေစေရေးဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး အမြန်ဆုံးတည်ငြိမ်အေးချမ်းစေရန် ငြိမ်းချမ်းရေးကိုဖိတ်ခေါ်တည်ဆောက်လျက်ရှိရာ တည်ဆောက်သည့်နေရာတွင် မဖြစ်နိုင်သည်များကို တောင်းဆိုနေမည့်အစား ခေတ်စနစ်နှင့်ကိုက်ညီသည့် ဖြစ်သင့်၊ ဖြစ်နိုင်သည်များကိုသာ ညှိနှိုင်းတောင်းဆိုကြရန်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည့်တာဝန်သည် အစိုးရမှာပင် တာဝန်ရှိသည်မဟုတ်ဘဲ အစိုးရ၊ တပ်မတော်၊ လွှတ်တော်စသည့် အဖွဲ့အစည်းအားလုံးတွင် တာဝန်ရှိသည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သည့်နေရာတွင် အားလုံး တတ်စွမ်းသရွေ့ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရေး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်ကို ပြင်ဆင်နိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ထားပြီးဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များက အလေးအနက်ထားဆွေးနွေးအဖြေ ရှာကြမည်ဖြစ်သည်။ ကြုံတွေ့နေရသည့် သဘောထားကွဲလွဲမှုများနှင့် လိုလားချက်များကို လက်နက်ကိုင်နည်းလမ်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေး လမ်းကြောင်းမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းဖြင့်သာ အေးချမ်းစွာအဖြေရှာကြရမည်သာဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိလူမျိုးစုကိုချစ်မြတ်နိုးပါက လက်နက်ကိုင်ဆောင်ခြင်းအစား နိုင်ငံရေးဆွေးနွေးပွဲများသို့တက်ရောက်ကာ မိမိတို့လိုလားချက်များကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ပေးထားသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းမှသာ နိုင်ငံတော်သည် သာယာဝပြောရှု ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ မိမိတို့၏တစ်ယူသန်အတ္တစိတ်ကြောင့် မိမိဒေသဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခြင်းဖြစ်သည်ကို အထူးသတိပြုကြရမည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အနေဖြင့်တရားမဝင်ငွေကြေးရှာဖွေခြင်းများကို လုပ်ဆောင်လျက်ရှိရာတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုသာမက အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများပင်ပါဝင်လာခဲ့သည်။ ဤသည်မှာ လူများစုအပေါ်ကျူးလွန်သည့် ကြီးလေးသည့်ရာဇဝတ်မှုများဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ကာလသည် ပြည်သူများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရတစ်ရပ်ပေါ်ထွန်းလာနေပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာတည်ဆောက်နေပြီဖြစ်သည်။ နိုင်ငံတော်ကို မူလအခြေအနေအတိုင်းဖြစ်စေရေးအတွက် နည်းလမ်းမျိုးစုံနှင့်ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကို အလေးထားဆောင်ရွက်နေသည့်အတွက် တိုင်းရင်းသားများအားလုံးက မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ရင်းစေတနာမှန်ဖြင့် ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောက်ပါနည်းလမ်းများကိုလိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်

အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ။ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။
၂။ ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။
၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍စုစည်းဆေးကြောပါ။
၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)
၅။ ရေကိုစနစ်တကျအသုံးပြုမှုအလေ့အထများကို အသိပညာပေးမျှဝေပါ။ မိမိတို့၏အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သုံးရေချွေတာသုံးစွဲရေးဆိုင်ရာနှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကိုအချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစောသို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကိုရေလောင်းပါ။
၂။ မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။
၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်မျိုးများကိုရွေးချယ်စိုက်ပျိုးပါ။
၄။ သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်ရေတည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ဝ၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ဝ၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် **ရေမြောင်းနှင့် မြောင်းပေါင်များပြုပြင်ပေးနိုင်ရေး၊ DEMU ရထားပုတီးကုန်းဘူတာတွင်ရပ်ပေးနိုင်ရေး၊ ရန်ကုန်တိုင်းပြင်ပမှ မှတ်ပုံတင်ယာဉ်များအား ရန်ကုန်တိုင်းအတွင်း ပြန်လည်မှတ်ပုံတင်ခွင့်ပြုရေး၊ တရားမဝင်နိုင်ငံခြားသားများအား စစ်ဆေး၍ မူရင်းနိုင်ငံသို့ ပြန်ပို့ရေး၊ လဝကရုံးအသစ်တည်ဆောက်ပေးနိုင်ရေးတို့**နှင့်စပ်လျဉ်း၍ **မေးခွန်း ၅ ခု** မေးမြန်းဖြေကြားခြင်းနှင့် လွှတ်တော်အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ **လားရှိုးမြို့၊ ကောက်ကွေ့ ရေလှောင်တမံ၏ မြောင်းနှင့် မြောင်းပေါင်များအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လားရှိုးမြို့နယ်ရှိ ကောက်ကွေ့တူးမြောင်းမကြီးနှင့် ဟူးမွန်မြောင်းများသည် မြို့နေပြည်သူလူထု၏ သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးမြေဧရိယာ ၇၀၀ ကျော်အတွက် စိုက်ပျိုးရေရရှိရေးတို့ကို အကျိုးပြုနိုင်ပါကြောင်း။

အဆိုပါကောက်ကွေ့မြောင်းမကြီးသည်ပြီးခဲ့သည့်မိုးရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြောင်းမကြီး၏ အစိတ်အပိုင်း(၃)နေရာ ထိခိုက်ပျက်စီးခဲ့၍ ရေပေးဝေရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော အစိတ်အပိုင်း ၃ နေရာလုံး တစ်ဆက်တည်းပြုပြင်ပြီးစီးမှသာ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကောက်ကွေ့မြောင်းမကြီး ထိခိုက်ပျက်စီးသည့် အပိုင်း ၂ နှင့် အပိုင်း ၃ နေရာများ အားပြုပြင်နိုင်ရန် လိုအပ်သည့် ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး အပိုင်း ၁ ပြုပြင်ခြင်း လုပ်ငန်းအတွက် လိုအပ်သည့် ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ခုနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ (သို့မဟုတ်) အထွေထွေပို့လျှံရန်ပုံငွေ၌ ဆက်လက်တင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမို့မို့ဇော်၏ **ရန်ကုန်-ပြည် DEMU မီးရထားအား သဲကုန်းမြို့နယ်၊ ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်-ပြည် ရထားလမ်းပိုင်းအတွင်း လက်ရှိပြေးဆွဲလျက်ရှိသည့် ရထား ၆ စင်းအနက် ရထား ၄ စင်းအား ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးလျက် ရှိပါကြောင်း၊ ပုတီးကုန်းဘူတာမှ နေ့စဉ်ခရီးသည် ၉၅ ဦးခန့်သာ စီးနင်းလျက်ရှိပြီး လက်ရှိရပ်တန့်ပေးထားသော ရထား ၄ စင်းဖြင့် ခရီးသည်စီးနင်းမှုလုံလောက်သည့်အခြေအနေဖြစ်သည့်အပြင် ၂၀၂၆ ခုနှစ် အောက်တိုဘာလမှစတင်၍ အမှတ်(၆၁) အဆန်/(၆၂) အစုန် ရန်ကုန်-ပြည်-အောင်လံ - ပုဂံ လူစီးအမြန်ရထားသည် အဆိုပါရထားလမ်းအတိုင်း ပြန်လည် ပြေးဆွဲနေပြီဖြစ်သည့် အတွက် စုစုပေါင်းရထား ၆ စင်း ရပ်တန့်ပေးလျက်ရှိပါကြောင်း။

အမှတ်(၇၃)အဆန်/(၇၄)အစုန် DEMU ရထားအား ပုတီးကုန်းဘူတာတွင် ရပ်တန့်မည်ဆိုပါက ဘူတာတွင်ရပ်တန့်ချိန် ၃ မိနစ်၊ ရထားအရှိန်လျှော့ချိန် ၁ မိနစ်၊ ဘူတာမှ ပြန်လည်ထွက်ခွာပြီး မူလပြေးဆွဲချိန်ရရှိရန် ရထားအရှိန်တင်ချိန် ၂ မိနစ်၊ စုစုပေါင်း ၆ မိနစ်ထပ်မံကြာမြင့်မည်ဖြစ်ပါကြောင်း၊ ပုတီးကုန်းဘူတာနှင့် နီးစပ်ရာ ဘူတာဖြစ်သည့် ပေါင်းတည်နှင့် သဲကုန်းဘူတာတို့မှ သွားရောက်စီးနင်းနိုင်ပါသဖြင့် DEMU လူစီးအမြန်ရထားအား ပုတီးကုန်းဘူတာတွင်ရပ်တန့်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဲခူးမဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်၏ **ရန်ကုန်တိုင်းဒေသကြီး ပြင်ပတွင် မှတ်ပုံတင်ထားရှိသော မော်တော်ယာဉ်များကို ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူများ၏ လိပ်စာအတိုင်း ပြန်လည်ခွင့်ပြုပေးရန် မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့မော်တော်ယာဉ်များ နယ်ဝင်ခွင့်လျှောက်ထားခြင်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းတပ်ဆင်ထုတ်လုပ်ထားသော(CKD/SKD) မော်တော်ယာဉ်များအား ပြည်တွင်းထုတ်လုပ်မှုကို အားပေးကူညီသည့်အနေဖြင့် ရန်ကုန်လိုင်စင်ခွင့်ပြုပေးခြင်း၊ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့်ကုမ္ပဏီများမှ တက္ကစီဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် တင်သွင်းလာသည့် လျှပ်စစ်သုံးတက္ကစီယာဉ်များနှင့် လျှပ်စစ်သုံးခရီးသည်တင်ယာဉ်များကို ရန်ကုန်လိပ်စာဖြင့် လျှောက်ထားပါက အထူးကိစ္စရပ် တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဇွတ်ဒေါ်မဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ရန်ကုန်-မန္တလေး-တောင်ကြီး-မော်လမြိုင်အပါအဝင် တစ်နိုင်ငံလုံးရှိ တရားမဝင် နိုင်ငံခြားသားများအား စစ်ဆေးရန်နှင့် မူရင်းနိုင်ငံသို့ပြန်ပို့ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် တရားဝင် ဝင်ရောက်လာသော နိုင်ငံခြားသားများအား နိုင်ငံခြားသားရောက်ရှိခြင်း အစီရင်ခံစာ Form C/ e-Form C တိုင်ကြားမှု ရှိ/မရှိ စစ်ဆေးခြင်း၊ နိုင်ငံခြားသားများ ပြည်တွင်း နေထိုင်ခွင့်သက်တမ်းနှင့် အကြိမ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာ သက်တမ်းတိုးမြှင့်ခြင်းကိစ္စများအတွက် မြေပြင်တွင် အမှန်တကယ်နေထိုင်လုပ်ကိုင်ခြင်းတို့ကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ရှောင်တခင်ဧည့်စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် နိုင်ငံခြားသားများ မရှိစေရေး အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ ပူးပေါင်းအဖွဲ့များဖြင့် အခါအားလျော်စွာ ရှောင်တခင် စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဗီဇာစည်းကမ်းဖောက်ဖျက်မှုများအား အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ဗီဇာစည်းကမ်းဖောက်ဖျက်သည့် နိုင်ငံခြားသားများနှင့် ခိုးဝင်နိုင်ငံခြားသားများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းနှင့် ပြည်နှင်ခြင်းတို့ကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၏ **ပူတာအိုမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ မြို့နယ်ဦးစီးဌာနရုံးအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ဌာနပိုင်ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက်ရန်ပုံငွေကို နှစ်စဉ်လျာထားတင်ပြတောင်းခံလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေလျာထားတောင်းခံရာတွင် ပူတာအိုမြို့နယ် ဦးစီးမှူးရုံး အဆောက်အအုံသည် လျာထားတောင်းခံမှုတွင် မပါရှိပါကြောင်း။ ထို့ပြင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေလျာထားချက်တွင်လည်း ပါဝင်ခြင်းမရှိသောကြောင့် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦးက ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို နိုဝင်ဘာလ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ကျောက်ဆည်မြို့နယ်၌ နွေင်းဧက ၅၀၀ ကျော် စိုက်ပျိုးထား



ကျောက်ဆည် နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်မြို့နယ်၌ ဆန်စပါးအပြင် တခြားသီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးရာသီတွင် နွေင်းဧက ၅၀၀ ကျော် စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နွေင်းစိုက်ပျိုးမည်ဆိုပါက မြေအကျယ် ၃ ပေ၊ အမြင့် ၁ ပေခွဲခန့် မြေပေါင်များပြုလုပ်ကာ တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ၅ လက်မအကွာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီးလေးလခန့်တွင် အပွင့်များစတင်ပွင့်ပြီး ရှစ်လကျော်တွင် နွေင်းတက်များ တူးဖော်ရကြောင်း၊ နွေင်းတစ်ဧက တူးဖော်ပါက အစို တင်း ၃၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ နွေင်းကို မင်းစု၊ စပါယ်တော၊ ရွှေအင်း၊ လေးဆယ်ကုန်း၊ စိုင်မလန်း၊ သင်္ဘတုံ၊ အရှေ့သာဂရ၊ ကလေး၊ မိုင်းပန်း၊ ပြည်တော်သာ၊ ရှမ်းတောင်ဦး၊ ကုလားကျောင်း စသည့်ကျေးရွာတို့၌ အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

ဖဝါးစက်အောက် ရောက်ချိန်တွင် ရွှေနန်းတော်အာဏာစက်က တစ်မျိုးပြောင်းလဲနေချေပြီ။ ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ကင်းဝန်မင်းကြီးတို့၏သြဇာက ရွှေနန်းရှင်အာဏာစက်ထက် ပိုမို၍စူးရောက်နေလေသည်။ ရွှေနန်းရှင်မင်းတရားကြီးမှာ စကြာဒေဝိသခင်မကြီးအား လွမ်းသောဝေဒနာဖြင့် ဥပုသ်ဆောင်များ အကြိမ်ကြိမ်ဝင်ရင်း အမည်တပ်၍မရသော ရောဂါဝေဒနာတို့ခွဲကပ်နေလေပြီ။ စံနက်ကျော်ကိုလည်း တပ်မှူးရာထူးမှ ယာယီချကာ ရှေ့တန်းသို့ပြန်မလွှတ်တော့ဘဲ ယခင်ဝင်းမှူးရာထူးကိုသာ အမှုထမ်းစေလေသည်။

ရွှေနန်းတော်တွင်း၌ မင်းတရားကြီး၏ ဝေဒနာကလည်း သတင်းအမျိုးမျိုးကြားနေကြရ၏။ ထို့အတူ ထီးမွေနန်းလျာအတွက် အုပ်စုအများလည်းကွဲနေကြ၏။ နန်းမွေဆက်ခံမည့်မင်းသားများ၏ နာမည်များလည်း အမျိုးမျိုးထွက်နေကြသည်။ မက္ခရာ၊ ညောင်ရမ်း၊ ညောင်အုပ်၊ သုံးဆယ်၊ လင်းဇင် အစရှိသော လူစွမ်းလူစရှိကြသည့်သားတော်ကြီးများနှင့်အတူ ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ကင်းဝန်မင်းကြီးတို့ အုပ်စုက ရှင်လိုင်ပြန်မင်းသားငယ် သီပေါစားကိုယ်တော်လေးကို နန်းလျာအဖြစ် တင်ကြမည်ဟုလည်း ကြားနေရသည်။

မင်းခြေအနား ခစားရှည်ကြာနေလာသဖြင့် နန်းတော်တွင်း ပြဿနာပေါင်းသောင်းခြောက်ထောင်ကို ဖြတ်သန်းခဲ့ဖူးလေသော လက်ဝဲဝင်းမှူးမင်းလှနော်ရထာက သမီးချွေးမ၊ မြေးတို့မှစ၍ အိမ်တော်ပါ မိန်းမသားများကို စံနက်ကျော်၏ဆန္ဒအရ နန်းမှရေးရာကျွမ်းကျင်ကြသော ခင်လွန်းနှင့် မယ်ကြင်ထွေးတို့နှစ်ယောက်မှလွဲ၍ အားလုံးကို နေပြည်တော်နှင့်ဝေးရာ နပွလင်ရွာက ယမ်းစုမှူးအိမ်တော်သို့ ပို့ထားလိုက်လေတော့သည်။

ဤအချိန်တွင် ဆင်ဖြူသခင် ဘဝရှင်မင်းတရားကြီးမှာ ကျန်းခန့်တော်မူလာခြင်းမရှိဘဲဖြစ်ရာ ဝန်ကြီး၊ အတွင်းဝန်မှူးတော်မတ်တော်မှစ၍ စစ်မှူးစစ်ကဲ အများကို အမိန့်တော်နှင့်ခေါ်တော်မူပြီး လျှင် အထက်ပေးမြဲ ခံသောက်မြဲ သစ္စာတော်ပြန်ထမ်းရင်းဖြင့် ငါကိုယ်တော်သာ အရှင်မှတ်၊ ငါမှတစ်ပါး ငါ့ဆွေမျိုးကိုသာ အရှင်မှတ် အမိန့်တော်ကို ရေးမှတ်စေကာ ရွှေနန်းတော် နန်းဦးအဆောင်တော်တွင် ၁၂၃၉ ခု ဝါခေါင်လဆန်းတစ်ဆယ့်နှစ်ရက်၌ နာခံတော် နေမျိုးမင်းထင်စည်သူဦးမြဲကို ဖတ်ဆိုစေပြီး သစ္စာတော်မြဲစေသောက် စေခဲ့ရာ စံနက်ကျော်၏နှလုံးသားများ တဆတ်ဆတ်ဝမ်းနည်းလှုပ်ရှားခဲ့ရသည်။

ထိုအချိန်မှစကာ ဘုရင်ထီးဘုရားကြီး၏ လေနာဝေဒနာမှာ သက်သာခြင်းမရှိသဖြင့် စံတော်မူရင်း မှန်နန်းတော်မြောက် ဆောင်တော်သို့ စံမြန်းတော်မူကာ အပါးတော်တွင် နေ့ညအစဉ် မျက်နှာသစ်တော်မူခြင်း အလျှင်းမရှိဘူးဟူသည်ကို သိသာထင်ရှားသွားစေခဲ့သည်။



ရောဂါ ရသော သားတော်ကြီး မကွာရာ မင်းသား၊ ဆေးဝါးစိစစ်ရသော သားတော်ကြီး သုံးဆယ်မင်းသားနှင့် တောင်ဆောင်တော်မိဖုရား၊ စိန်တုံးမိဖုရား၊ လက်ပံမိဖုရား၊ သရစိမ်းမိဖုရား၊ လဲချားမိဖုရား၊ ငါန်းဇွန်မိဖုရား၊ သနဇရစ်မိဖုရား၊ မြောက်ဆောင်တော်ခုနစ်ရွာမိဖုရားတို့နှင့်အတူ တိုင်းခြားပြည်ရွာမှ ဆေးပညာရှင်များကိုသာ နေ့ညမစဲ ခစားမြဲစေပြီး အခြားမိဖုရားများ၊ သားတော်၊ သမီးတော်များ မှူးတော်မတ်တော်တို့ အဝင် အထွက်အသက်အသံမရှိစေရ အမိန့်တော်ထုတ်ပြန်ကာ စံနေတော်မူခဲ့သည်။ ဤအမိန့်တော်သည် ဘဝရှင်မင်းတရားကြီးသည် သူ့ကိုသာ မြတ်နိုးတော်မူ ယုံကြည်စိတ်ချတော်အမူဆုံး၊ အားကိုးတော်အမူဆုံးဟု ဘဝတစ်လျှောက် ကြွေးကြော်မာန်တက်ခဲ့ကြသူ အလယ်နန်းမတော်မိဖုရားကြီးနှင့် ကင်းဝန်မင်းကြီးဦးကောင်းတို့၏ ဒေါသနှင့် အကောက်ဉာဏ်ကို မီးလောင်ရာလေပင့်သကဲ့သို့ အမြန်ဆုံးတောက်လောင်လာစေတော့သည်။ ယခုထုတ်ပြန်လိုက်သော ဘုရင်ထီးဘုရားကြီး၏ အမိန့်တော်မှာ ကင်းဝန်မင်းကြီးဦးကောင်းနှင့် လောလောလတ်လတ် ဆင်ဖြူမရှင်ဘွဲ့ခံအလယ်နန်းမတော်မိဖုရားကြီးတို့အပေါ်၌ စိတ်ချယုံကြည်တော်မူခြင်း အလျှင်းမရှိဘူးဟူသည်ကို သိသာထင်ရှားသွားစေခဲ့သည်။

သို့သော် လုပ်ရင်းအကြံဉာဏ်ကြီးမားလေသူ ဆင်ဖြူမရှင်မိဖုရားကြီးက ကုလားဖြူစာ၊ ကုလားဖြူစကားတတ်ကျွမ်းနားလည်ပြီး အင်္ဂလန်၊ ဂျာမနီဆေးသမားတော်များနှင့် ရင်းနှီးကျွမ်းဝင်သူ သီပေါမြို့စားမင်းသားကို သူကိုယ်တိုင်ကြီးကြပ်ကာ မင်းတရားကြီး၏ ဝေဒနာတော်ကို သက်သာပျောက်ကင်းစေမည်ဟု ဥပါယ်တမျှဉ်ကြံကာ အဆောင်တော်သို့ ဇွတ်ဝင်လေတော့သည်။

အခြေအနေအရပ်ရပ်ကို တတ်သိနားလည်နေသော ဆင်ဖြူမရှင်မိဖုရားကြီးသည် အနှစ်နှစ်အလလက သူ့အကြံကို ဦးကောင်းနှင့်တိုင်ပင် အယုံသွင်းကာ အမြန်ဆုံး အကောင်အထည်ဖော်တော့၏။ ရှေးဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့ အစဉ်အဆက် ပြုတော်မူမြဲ ဇကရာဇ်ဘုရင်မင်းမြတ် ကျန်းခန့်တော်မမူ အရွယ်တော်စိုးရိမ်ရလျှင် ပြုမြဲဖြစ်ကြသည့် မင်းလောင်းနန်းလျာ ရွေးချယ်ခြင်းအစည်းအဝေးတွင် ကြံရွယ်ရင်းဖြစ်သည့် သီပေါမင်းသားကို နန်းတင်ကြရန် ဓားမိုး၍ အစည်းအဝေးကို ဆုံးဖြတ်ခဲ့လေသည်။

ထိုနေ့ညနေစောင်း မှောင်ရီဖျိုးဖျတွင် အပျိုတော်လုံမငယ်တစ်ယောက် စံနက်ကျော်ဆီသို့ရောက်လာကာ ပျာယီးပျာယာဖြင့် ပေလိပ်တစ်ခုအမြန်ပေး၍ အမှောင်ထုအတွင်း ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ အိမ်တော်က မည်သူမျှမသိခိုက် စာလိပ်ကိုကိုင်လျက် စာကြည့်ဆောင်ထဲသို့ဝင်ခဲ့လေသည်။

ဆက်လက်ဖော်ပြပါမည်။

မိတ္ထီလာမြို့ မြို့မဈေးကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာမြို့နယ်၌ မြို့မဈေးကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က စစ်ဆေးခဲ့ကြောင်း သိရသည်။

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာဦးမင်းကို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးရဲလင်းကိုကို၊ ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး(မီတာ)များ၊ လယ်ဂျာစာရေး(မီတာ)နှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက မြို့မဈေးကြီး အတွင်းရှိဈေးဆိုင်များတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီတာများသုံးစွဲမှုအခြေအနေများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၆၀၂)**





➤ **ရှေ့ဖုံးမှအဆက်**

ဆိုလာစွမ်းအင်သုံး ရေတင်စနစ်ဖြင့် စိုက်ပျိုးရေးရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရေပေးမြောင်းနှင့်ရေထုတ်ပေါက်များ ဆောင်ရွက်ထားရှိမှု၊ ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်မှုကြောင့် တောင်သူများအတွက် စက်သုံးဆီသက်သာမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ မိုးစပါးရိတ်သိမ်းထွက်ရှိမှု၊ စပါးဈေးရရှိမှုနှင့်တောင်သူများ၏လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး ဆိုလာရေတင်စီမံကိန်းသည် တောင်သူများအတွက် စိုက်ပျိုးရေဖူလုံစေရေး၊ စိုက်ပျိုးစရိတ်လျှော့ချနိုင်ရေးနှင့် သီးနှံစိုက်ပျိုးမှုတိုးချဲ့နိုင်ရေးတို့အတွက် အထောက်အကူပြုသည့်အတွက် စီမံကိန်းရေရှည်တည်တံ့စေရေးကို ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာဌာနများအနေဖြင့်လည်း တောင်သူများနှင့် ပူးပေါင်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် မှာကြားကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သဇင် (FM) အသံလွှင့်အစီအစဉ်
၁၁-၁၁-၂၀၂၆
(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ The Health For Public
၅။ ၁၅:၅၀ Music Time
၆။ ၂၁:၄၀ ချောက်ချောက် ချားချားဖြစ်ရပ်များ

ရေယိုစိမ့်မှုနှင့် ရေအလေအလွင့်ကာကွယ်ရေး

ရေပိုက်၊ ရေပိုက်ခေါင်းနှင့် ရေသိုလှောင်ကန်များ ယိုစိမ့်မှုရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီးတွေ့ရှိပါက လျစ်လျူမရှုဘဲ ချက်ချင်းပြုပြင်ပါ။ ရေသုံးစွဲပြီးတိုင်း ရေပိုက်ခေါင်းများကို သေချာစွာပြန်ပိတ်ထားပါ၊ ရေတိုင်ကီနှင့်ရေသိုလှောင်ကန်များ ရေလျှံထွက်ခြင်းမရှိစေရန် ရေအဝင်အထွက်ကို ဂရုပြုထိန်းချုပ်ပါ။

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၂˚c	/	၂၉˚c
ရန်ကုန်	၂၃˚c	/	၃၄˚c
မန္တလေး	၂၂˚c	/	၃၀˚c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၀


နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **(မိုး/၈လ)**

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေထံ မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာစောဌေးမြင့် ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည်မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာစောဌေးမြင့်၏ ခန့်အပ်လွှာကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံ၍ ၎င်းအား အသိအမှတ်ပြုစာချွန်လွှာပြန်လည်ပေးအပ်သည်။

မြဝတီ



သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ဥဇဘတ်ကစ္စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွန်အပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမျိုးမိုးအောင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဥဇဘတ်ကစ္စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

မြဝတီ

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque နှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရုံးအမှတ်(၁၅)ရှိပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)တို့အကြား "မြန်မာနိုင်ငံဒေသတွင်း ပဋိပက္ခဒဏ်ခံရသူများအတွက်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် လုပ်ငန်းအထောက်အကူပြုပစ္စည်းများဖွံ့ဖြိုးရေးအစီအစဉ်" ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စီမံကိန်းဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

ထူးခြားသည့်နေ့အပူချိန်များ

၁၀-၁၁-၂၀၂၆

ထားဝယ်	၃၄	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
မြိတ်	၃၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
မုဒုံ	၃၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
ဘားအံ	၃၃	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
မော်လမြိုင်	၃၃	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
ရေး	၃၃	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
သထုံ	၃၃	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
ဘီလင်း	၃၃	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
ကျိုက္ခမီ	၃၂	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ကော့ကရိတ်	၃၂	ဒသမ	၁	ဒီဂရီဆဲလ်စီးယက်

ဆေးကုမ္ပဏီ ၃၆ ခုမှ ဆေးဝါးအမျိုးအစားပေါင်း ၉၅၃ မျိုးအား ကုမ္ပဏီတိုက်ရိုက်ဈေးနှုန်းများ၊ လျှော့ဈေးများဖြင့် ငါးရက်တာရောင်းချပေး

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဆေးဝါးသုံးစွဲသူပြည်သူများ သင့်တင့်မျှတသောဈေးနှုန်းများဖြင့် အဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရန်နှင့်ဆေးဝါးများမပြတ်လပ်ရေးအတွက်ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် တတိယအကြိမ်မြောက် ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ တတိယအကြိမ်ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကို နိုဝင်ဘာလ ၉ ရက်နံနက်ပိုင်းမှစတင်ကာ နေပြည်တော် ပျဉ်းမနားမြို့ရှိ "မေခန်းမ"၌ စတင်ရောင်းချပေးလျက်ရှိသည်။




အဆိုပါ ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲတွင် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါကုသဆေးများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါကုသဆေးများ၊ ဆီးနှင့် ကျောက်ကပ်ရောဂါကုဆေးများ၊ အအေးမိ နာစေး၊ ဖျားနာ၊ အကိုက်အခဲပျောက်ဆေးဝါးများ၊ချောင်းဆိုး၊ ရင်ကျပ်၊ အဆုတ်ရောဂါဆိုင်ရာ ကုသဆေးဝါးများ၊ အရိုးအဆစ်အားဆေး၊ ကိုယ်ဝန်ဆောင်နှင့် ကလေးအားဆေးများ၊ ဝမ်းဗောဝမ်းရောင်၊ လေထိုးလေအောင့် ရောဂါကုသဆေးများ၊ အရေပြားယားနာလိမ်းဆေး၊ မှိုပိုးသတ်ဆေးများ၊ ပဋိဇီဝပိုးသတ်ဆေးများ၊ အမျိုးသားရောဂါဆိုင်ရာကာကွယ်/ကုသဆေးများ၊ သွေးတွင်းအဆီကျဆေး၊ Probiotics၊ ဓာတ်ဆား၊ ဟရုတ်ဆီစသည်ဖြင့် ဆေးကုမ္ပဏီ ၃၆ ခုမှ ဆေးဝါးအမျိုးအစားပေါင်း ၉၅၃ မျိုးအား ကုမ္ပဏီတိုက်ရိုက်ဈေးနှုန်းများ၊ လျှော့ဈေးများဖြင့် နိုဝင်ဘာလ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှညနေ ၄ နာရီအထိ ငါးရက်ကြာ ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပြပွဲအတွင်း ဆေးဝါးရောင်းချမှုအပြင် ဆီးချို၊ သွေးတိုးရောဂါအတွက် အခမဲ့စစ်ဆေးပေးခြင်း၊ InBody Scan Test ဖြင့် ခန္ဓာကိုယ်အတွင်းရှိ ကြွက်သားပမာဏ၊ အဆီပါဝင်မှု၊ အဝလွန်ခြင်းရှိ/မရှိအားစစ်ဆေးပေးခြင်း၊ Blood Sugar Test စစ်ဆေးပေးခြင်း၊ ကလေးများအတွက် အားဆေးနှင့် ပတ်သက်သော အသိပညာပေးများကို ပျော်ရွှင်စွာလေ့လာနိုင်မည့် Knowledge Game အစီအစဉ်ပြုလုပ်ပေးခြင်း၊ ဆေးဝါးနမူနာ(Sample)များပေးဝေခြင်း၊ Royal D အားဖြည့်အချိုရည်အား အခမဲ့ပေးဝေခြင်းတို့ဖြင့် ပြည်သူများအတွက် အကျိုးရှိစေမည့် ကျန်းမာရေးစစ်ဆေးမှုများနှင့် အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုအစီအစဉ်များကိုလည်း ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းသည် အလားတူ ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲများကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် မန္တလေးမြို့၌၂၅ လည်းကောင်း၊ ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်မြို့၌၅ လည်းကောင်း ထပ်မံဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ



(ဆဋ္ဌမအကြိမ်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလက်ံာရ သာမဏေကျော်စာမေးပွဲကျင်းပ

ဟိုပုံး နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် နာဂပုရသာသနာလက်ံာရအသင်းကြီးမှ ကြီးမှူး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ (ဆဋ္ဌမအကြိမ်) နာဂပုရသာသနာလက်ံာရသာမဏေကျော်စာမေးပွဲကို ယနေ့မွန်းလွဲပိုင်းက နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပရာ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များ၊ စာဖြေရဟန်း၊ သာမဏေ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ နာဂပုရသာသနာလက်ံာရသာမဏေကျော်စာမေးပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်း၊ သာမဏေ၊ သီလရှင်များ ဝင်ရောက်ဖြေဆိုကြပြီး ဥပစာတန်း ရဟန်း၊ သာမဏေ၊ သီလရှင် ၆၅ ပါး၊ မူလတန်းရဟန်း၊ သာမဏေ၊ သီလရှင် ၂၈၅ ပါး၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၁၈၄၂ ပါး၊ ဒုတိယအဆင့်ရဟန်း၊ သာမဏေ၊ သီလရှင် ၈၆၉ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၇၉ ပါး၊ စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၃၄၄၀ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး စာမေးပွဲကို နိုဝင်ဘာလ ၁၀ ရက် မှ ၁၅ ရက် အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များ တွေ့ဆုံပြီး ရှေ့လုပ်ငန်းစဉ်များဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မဂ်လာခန်းမ၌ တွေ့ဆုံပြီး လူငယ်ရေးရာဆိုင်ရာ လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာန ဒေါက်တာမောင်သင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ လူငယ်ရေးရာ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားများပြောကြားကြပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**



အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

ဦးစွာ ASEAN–PAC ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည့် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ASEAN–PAC ၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် အာဆီယံဒေသတွင်း ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဘုံကတိကဝတ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ ASEAN–PAC အစည်းအဝေးသို့ ပါဝင်တက်ရောက်၍ ဆွေးနွေးပေးကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား နွေးထွေးစွာကြိုဆိုပါကြောင်း။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများအတွက် အတွေ့အကြုံကောင်းများကို အပြန်အလှန်မျှဝေနိုင်ရန် အရေးကြီးသောအခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် ယနေ့အစည်းအဝေး၏ ရည်ရွယ်ချက်ဖြစ်သည့် “လူငယ်များ၏ ဖြောင့်မတ်တည်ကြည်မှုကိုမြှင့်တင်၍ အဂတိကင်းစင်သောအနာဂတ်ကို တည်ဆောက်ကြပါစို့” ဆိုသည့် ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် မိမိတို့အားလုံးက ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ပါဝင်မှုသည် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရေးအတွက် အရေးပါသောအင်အားတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံဒေသတွင်း လူငယ်များ၏ ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ပြီး အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ်ကိုအတူတကွ ဖော်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ယနေ့အစည်းအဝေးမှ အကျိုးရှိသည့်ဆွေးနွေးမှုများ၊ အတွေ့အကြုံများနှင့်လက်တွေ့အကောင်အထည်ဖော်နိုင်သည့် ပူးပေါင်းဆောင်ရွက်မှုများပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ASEAN–PAC ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည့် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ASEAN–PAC ၏ (၂၂) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၌ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌထံ ASEAN–PAC ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်လာကြသူများကို ASEAN– PAC ၏ (၂၂) ကြိမ်မြောက် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း ASEAN–PAC ၏ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို လည်းကောင်း၊ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရရုံစမ်းစစ်ဆေးရေးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တိုင်ကြားစာများ စုံစမ်းစစ်ဆေးရေးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရိုတို့မှ တာဝန်ရှိသူများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးပထမနေ့ကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်လာကြသည့်အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များကို ညစာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **မြဝတီ**

လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများစာရင်းထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၁၀


၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ ပြိုင်ပွဲဝင် ၁၈၀ က ဓာတ်ပုံပေါင်း ၄၉၀ ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုဝင်ဘာလ ၉ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆုများစီစစ်ရွေးချယ်ခဲ့ရာ ပထမဆု ဦးအောင်မြင့်၊ ဒုတိယဆု တတိယဆု ဟိန်းလတ်ကျော်(ခ) ပုံပုံတို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် အောင်ကျော်ထွန်း (ပုသိမ်ကြီး)၊ ကျော်နိုင်လင်း(လရိပ်ပြာ)၊ ဇော်ဇော်ကောင်း၀ံ၊ဦးတင်ကိုဝင်း၊ ရွှေအင်းသား ခင်မောင်ဝင်းတို့က ရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဆုများထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

မိုးလေဝသ သတင်း



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်စိုက်ပျိုးခဲ့သည့်မြေပဲ ရာနှုန်းပြည့်ကေနုတ်သိမ်းပြီးစီး

ချောင်ဦး နိုဝင်ဘာ ၁၀

စစ်ကိုင်းတိုင်း ဒေသကြီး ချောင်ဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲသီးနှံ ၅၀၅၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောမြေပဲခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်၍ နုတ်သိမ်းခဲ့ကြရာ ယနေ့အထိ ရာနှုန်းပြည့်ကေနုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၅၄ ဒသမ ၃၆ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ချောင်ဦးမြို့နယ်မှာ မြေပဲသီးနှံ ၅၀၅၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့တယ်။ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေကို လက်ရှိအချိန်မှာ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧကထက်တိုးစိုက်နိုင်တယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်တိုးတက်လာပါတယ်"ဟု ချောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ချောင်ဦးမြို့နယ်၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစား ကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့်မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။ (၄၀၉)



ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာရှိ တောင်သူ ဦးဆန်းဦး၏လယ်သုံးကေ၌ နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် မိုးစပါးစိုက်ခင်း တစ်ဧကလျှင် စပါးအစိုအထွက်နှုန်း ၁၀၇ ဒသမ ၄၂ တင်းနှင့် အခြောက်အထွက်နှုန်း ၁၀၂ တင်းထွက်ရှိသည့် စံကွက်ရိတ်သိမ်းနေမှုကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။ ကျော်ဇင်စိုး(ပြန်/ဆက်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၁၁၊ ၀၆၇-၃၄၀၄၁၂၊ ၀၆၇-၃၄၀၄၁၃၊ ၀၆၇-၃၄၀၄၁၄၊ ၀၆၇-၃၄၀၄၁၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၇၊ ၀၉-၆၆၈၇၈၈၁၀၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၃
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၃၇၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

အစဉ်ပွင့်လန်း မေတ္တာပန်း

◆ ရင်တွင်းတည် နှလုံးလှစေဖို့
အပြုံးရွှင်မြ မျက်နှာချို။
နှုတ်ဝစီ သကာပျားသို့
ပြောကြားစေလို။
မေတ္တာမပျက် ကရုဏာပို
အချစ်တွေကို ဆောင်လွှမ်း။
လူနှင့်လူ စာနာမှုတို့
ရှေးရှုထုံမွမ်း။

◆ ဖြူစင်အောင် စံပယ်ပန်းကဲ့သို့
ရင်မှာအေးချမ်း ထာဝစဉ်။
မနာလို ဝန်တိုခြင်းတို့
ကင်းရှင်းစေချင်။
ရခဲလှ လူဘဝတွင်
အမုန်းဖယ်သင် စိတ်အလှပျိုး။
သဒ္ဓါကြွယ် မွန်မြတ်လို့
ဂုဏ်ထပ်သည်မျိုး။

◆ လူမှန်လျှင် အများကျိုးကိုလ
ရွက်သယ်ပိုး ထမ်းဆောင်။
မေတ္တာရေ ကိုယ်စိုဖျန်းလို့
အေးချမ်းဂုဏ်ရောင်။
ကိုယ်စိတ်နှလုံး ရှင်ပြုံးအောင်
ထိန်းကျောင်းနှောင် ဂုဏ်တက်။
အလှရိပ်မြဲ နိမိတ်ထူးလို့
ကွန့်မြူးဝေလျက်။ ။

ဂန္ဓဝင်ချစ်သူ

MWD Variety Channel

၁၁-၁၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာ ပြတိုက်မှာ
၂။ ၁၀:၃၀ မှတ်သားလေ့လာအိမ်တွင်းမှုပညာ
၃။ ၁၁:၄၀ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ
၄။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်

ဆေးဖက်ဝင်သကြားမုန်လာဥအကြောင်း သိကောင်းစရာ

သကြားမုန်လာဥသည် ဘောလုံးပုံသဏ္ဌာန်၊ တချို့မှာ ဂျင်ပုံသဏ္ဌာန်နှင့် တချို့မှာ ရှည်မျောမျောပုံသဏ္ဌာန် အနီရောင် သို့မဟုတ် ခရမ်းရောင်ရင့်ရောနေသည့်အနီရောင်ဖြစ်ပြီး အတွင်းပိုင်းတွင် အနီရောင်သို့မဟုတ်အကွင်းလိုက်အရောင်ရင့်များပါရှိသည်။ သကြားမုန်လာဥသည် ကျန်းမာရေးအတွက် အလွန်ဆေးဖက်ဝင်ပြီး အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သည့် အမြစ်ဥသီးနှံတစ်မျိုးဖြစ်သည်။

သကြားမုန်လာဟု ခေါ်သော်လည်း မုန်လာဥ၊ ဂေါဖီထုပ်၊ ပန်းမုန်လာ၊ မုန်ညင်းစသည်တို့နှင့် မျိုးရင်းချင်းမတူသည့်အပြင် မုန်လာဥဝါနှင့်လည်း မျိုးရင်းချင်းမတူဘဲ အင်္ဂလိပ်လို Beetroot ဟုခေါ်သည့် သကြားမုန်လာဥကို ရုက္ခဗေဒအားဖြင့် Beta vulgaris ဖြစ်ကာ မျိုးရင်းအနေဖြင့် Amaranthaceae မျိုးရင်းတွင်ပါဝင်ပြီး ယခင်က Chenopodiaceae ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ သကြားမုန်လာသည် မူလတွင် ကက်စပီယံမြေထဲပင်လယ်ဒေသ၌ အလေ့ကျပေါက်သော အပင်တစ်မျိုးဖြစ်သည်။ လူသားတို့သည် ရှေးနှစ်ပေါင်းနှစ်ထောင်ခန့်တွင် သကြားမုန်လာကို အစားအစာအဖြစ် စိုက်ပျိုးလာကြပြီး ၁၈ ရာစုတွင် သကြားထုတ်လုပ်ရန် စတင်စမ်းသပ်ခဲ့ကြသည်။ သကြား ၂၀ ရာခိုင်နှုန်း ပါဝင်သည့် သကြားမုန်လာသည် ကမ္ဘာ့သကြားထုတ်လုပ်မှုတွင် ကြီးပြီးပါက ဒုတိယ သကြားအထွက်အများဆုံး သီးနှံတစ်ခုဖြစ်ပြီး ကမ္ဘာ့သကြားထုတ်လုပ်မှု၏ ၂၁ ဒသမ ၈ ရာခိုင်နှုန်းပါဝင်ကာ နှစ်နှစ်ခံ သို့မဟုတ် နှစ်ရာသီအပင်အမျိုးအစားဖြစ်သည်။

သကြားမုန်လာဥဓာတ်ဖြစ်

သကြားမုန်လာ၏ မူလဇာတိမှာ ကက်စပီယံ မြေထဲပင်လယ်ဒေသနှင့် ဥရောပကမ်းရိုးတန်းများတွင် အလေ့ကျပေါက်သော အပင်တစ်မျိုးဖြစ်သည်။ ရှေးခေတ်ဂရိနှင့် ရောမခေတ်များတွင် သကြားမုန်လာ၏အရွက်ကို ဟင်းသီးဟင်းရွက်နှင့်ဆေးဖက်ဝင်အဖြစ် စတင် အသုံးပြုခဲ့ပြီးနောက်ပိုင်းတွင် ဥကိုစိုက်ပျိုးထုတ်လုပ်ကာ စားသုံးခဲ့ကြခြင်းဖြစ်သည်။

သကြားမုန်လာဥမှသကြားထွက်ရှိမှု

သကြားမုန်လာမှ သကြားထုတ်လုပ်ရန် ၁၈ ရာစုက စတင်စမ်းသပ်ခဲ့ကြသည်။ သကြားကို သကြားထွက်သီးနှံများဖြစ်သည့် ကြံ၊ သကြားမုန်လာ၊ ထန်းပင်၊ နှံစားပြောင်းချို၊ ပြောင်းချို စသည့်သီးနှံများမှ ထုတ်ယူသော်လည်း အဓိကအားဖြင့် ကြံနှင့်သကြားမုန်လာတို့မှ ပိုမိုထုတ်လုပ်ကြသည်။ သကြားမုန်လာမှ သကြား ၉၀ ရာခိုင်နှုန်းကို ယင်း၏ ဥမှ ရရှိပြီး ကျန်ရှိသော ၁၀ ရာခိုင်နှုန်းကို အရွက်နှင့် ပင်စည်နှစ်ခုဆက်နေသော အစိတ်အပိုင်းမှရရှိသည်။ ရိတ်သိမ်းပြီး



သော သကြားမုန်လာတွင် ရေ ၇၆ ရာခိုင်နှုန်း၊ သကြား ၂၀ ရာခိုင်နှုန်း၊ သကြားပျက် ၂ ဒသမ ၆ ရာခိုင်နှုန်း၊ ကြိတ်ဖတ် ၆ ရာခိုင်နှုန်းပါဝင်သည်။ သကြားမုန်လာတစ်တန် ကြိတ်ခွဲပါက သကြား ၁၂၁ ကီလိုဂရမ်၊ တင်လဲရည် ၃၈ ကီလိုဂရမ်တွင် သကြား ၁၈ ဒသမ ၂ ကီလိုဂရမ်၊ သကြားပျက် ၁၂ ဒသမ ၁ ကီလိုဂရမ်၊ ရေ ၇ ဒသမ ၈ ကီလိုဂရမ်နှင့် ကြိတ်ဖတ် ၅၀ ကီလိုဂရမ်တို့ ပါဝင်သည်။

သကြားမုန်လာဥစားသုံးမှုပုံစံ

သကြားမုန်လာဥကို နည်းလမ်းမျိုးစုံဖြင့် စားသုံးနိုင်ပါသည်။ သကြားမုန်လာဥအစိမ်းကို ပါးပါးလှီး၍ သို့မဟုတ် ခြစ်၍ အသုပ်များတွင် ထည့်သွင်းစားသုံးနိုင်သည်။ သကြားမုန်လာဥ၊ ပန်းသီး၊ မုန်လာဥနီတို့နှင့်ရောစပ်၍ ဖျော်ရည်ပြုလုပ်ပြီး ကျန်းမာရေးအတွက် သောက်သုံးကြသည်။ သကြားမုန်လာဥဖျော်ရည်ကို သစ်သီးဖျော်ရည်နှင့်ရောစပ်ခြင်း သို့မဟုတ် Probiotic အဖျော်ယမကာများအဖြစ် အချဉ်ဖောက်ကြသည်။ သကြားမုန်လာဥကို ပြုတ်၍ဖြစ်စေ၊ ပေါင်း၍ဖြစ်စေ၊ ကင်၍ဖြစ်စေ ဟင်းချို/စွပ်ပြုတ် (ဥပမာ-ရုရှားရိုးရာ Borscht Soup)အဖြစ် ချက်ပြုတ်စားသုံးနိုင်သည်။ သကြားဓာတ်ပါဝင်မှုမြင့်မားသော ဘီထရွတ်ရည်သည် အရသာရှိသော ဒိန်ချဉ်၊ ရေခဲမုန့်နှင့် မုန့်အချိုပွဲများပြုလုပ်ရာတွင် အသုံးပြုနိုင်သည်။ သကြားမုန်လာ၏အရွက်တွင် ဗီတာမင်နှင့်သတ္တုဓာတ်များစွာ ပါဝင်သောကြောင့် အရွက်နုလေးများကို ဟင်းသီးဟင်းရွက်ကဲ့သို့ အသုပ် သို့မဟုတ် ကြော်ချက်၍ စားသုံးနိုင်သည်။

ပါဝင်သောအာဟာရဓာတ်များ

သကြားမုန်လာဥတွင် ကယ်လိုရီပါဝင်မှုနည်းပါးသော်လည်း ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ကြွယ်ဝစွာပါဝင်သည်။ ဆဲလ်များဖွံ့ဖြိုးရေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက်မရှိမဖြစ်လိုအပ်သော ဖောလိတ် (ဗီတာမင် -B9)၊ အရိုးတည်ဆောက်ရေးနှင့်စွမ်းအင်ထုတ်လုပ်မှုအတွက် ကူညီပေးသော မဂ္ဂနီစ်၊ သွေးဖိအားကိုထိန်းညှိပေးသော ပိုတက်ဆီယမ်၊ ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးသော ဗီတာမင်-C ၊ သွေးကြောများကိုကျယ်စေပြီး သွေးလှည့်ပတ်မှုကောင်းမွန်စေသော နိုက်ထရိတ်နှင့် အစာခြေစနစ်ကို အထောက်အကူပြုသော အမျှင်ဓာတ်တို့ ကြွယ်ဝစွာပါဝင်သည်။

သွေးဖိအား (သွေးတိုး) ကျစေနိုင်

သကြားမုန်လာဥတွင် ရေဓာတ် ၈၈ ရာခိုင်နှုန်းပါဝင်သည့်အတွက် ကျန်းမာရေးအနေဖြင့် သွေးပေါင်ထိန်းညှိပေးနိုင်သည့်အပြင် သကြားမုန်လာဥတွင်ပါဝင်သော Dietary Nitrates ဓာတ်သည် ခန္ဓာကိုယ်အတွင်းရောက်ရှိသောအခါ Nitric Oxide အဖြစ်ပြောင်းလဲကာ သွေးကြောများကိုကျယ်စေသဖြင့် သွေးဖိအားကို ထိန်းညှိပေးရန်နှင့် သဘာဝအတိုင်း ကျဆင်းစေရန် ကူညီပေးသည်။

နှလုံးရောဂါကိုကာကွယ်ပေးနိုင်

သကြားမုန်လာဥသည် သွေးတိုးကျစေသဖြင့် လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်ခြင်းတို့မှ ကာကွယ်ပေးနိုင်သည်။

အားကစားသက်လုံကောင်းမွန်နိုင်

သကြားမုန်လာဥဖျော်ရည်သောက်သုံးခြင်းသည် ကြွက်သားများထံ အောက်ဆီဂျင်ရောက်ရှိမှုကို ကောင်းမွန်စေသောကြောင့် မောပန်းလွယ်ခြင်းကိုသက်သာစေပြီး စွမ်းအင်ပိုမိုရရှိစေကာ လေ့ကျင့်ခန်းပြုလုပ်ရာတွင် သို့မဟုတ် အားကစားပြုလုပ်ရာတွင် စွမ်းဆောင်ရည်နှင့်သက်လုံကိုတိုးတက်စေသည်။

အစာခြေစနစ်နှင့်အူလမ်းကြောင်း ကျန်းမာရေးကောင်းနိုင်

သကြားမုန်လာဥသည် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် အူလမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကိုကာကွယ်ပေးကာ အစာခြေစနစ်ကို ပုံမှန်လည်ပတ်စေသည်။

အသည်းကျန်းမာရေးကောင်းမွန်နိုင်

သကြားမုန်လာဥသည် အသည်းထဲရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးရာတွင်ကူညီပေးပြီး အသည်းတွင်းအဆီဖုံးခြင်းကို ကာကွယ်ပေးနိုင်ကာ အသည်းနှင့်ကျောက်ကပ်အားကောင်းစေသည်။

သွေးအားနည်းရောဂါကာကွယ်ပေးနိုင်

သကြားမုန်လာဥတွင် သံဓာတ်နှင့် ဖောလိတ်ဓာတ်များစွာပါဝင်သဖြင့် ကိုယ်ဝန်ဆောင်မိခင်များ၊ သွေးအားနည်းသူများအတွက် သွေးအားကောင်းစေပြီး သွေးအားနည်းရောဂါကိုကာကွယ်ပေးသည်။

ရောင်ရမ်းမှုများကိုလျှော့ချပေးနိုင်

သကြားမုန်လာဥ၏ အနီရောင်ကိုဖြစ်ပေါ်စေသော Betalains ရောင်ခြယ်ဓာတ်သည် ရောင်ရမ်းမှုကိုဆန့်ကျင်သည့် Anti-inflammatory နှင့် Antioxidant ဂုဏ်သတ္တိများပါရှိသဖြင့် ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှုများကို သက်သာစေသည်။

ဦးနှောက်နှင့် မှတ်ဉာဏ်အထောက်အကူပြုနိုင်

အသက်အရွယ် ရလာသည်နှင့်အမျှ ဦးနှောက်သို့ သွေးစီးဆင်းမှုလျော့နည်းလာတတ်သည်။ သကြားမုန်လာဥသည် ဦးနှောက်သို့ သွေးစီးဆင်းမှုကိုကောင်းမွန်စေသဖြင့် သက်ကြီးပိုင်းတွင် မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် မေ့လျော့ခြင်းများကို ကာကွယ်ပေးနိုင်ပြီး စိတ်ဖိစီးမှုကိုလျော့ကျစေကာ အိမ်ငြင်းရင့်ရော်မှုကိုကာကွယ်ပေးသည်။ ထို့ပြင် အမြင်အာရုံကိုလည်း ကောင်းမွန်စေသည်။

သတိပြုရန်

သကြားမုန်လာဥစားသုံးပြီးနောက် ဆီးသို့မဟုတ် ဝမ်းအရောင်သည် အနီရောင်/ခရမ်းရောင်သန်းသွားခြင်းသည် သဘာဝဖြစ်စဉ်တစ်ခုဖြစ်သောကြောင့် စိုးရိမ်စရာမရှိသော်လည်း သကြားမုန်လာဥတွင် Oxalates ပါဝင်မှုမြင့်မားသည့်အတွက် ကျောက်ကပ် ကျောက်တည်ဖွဲးသူများ အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်သင့်သည်။ သကြားမုန်လာဥသည် သွေးဖိအားကိုကျစေသည့်အတွက် သွေးပေါင်ကျဆေးသောက်နေရသူများ အလွန်အကျွံစားသုံးပါက သွေးပေါင်အလွန်ကျသွားနိုင်သဖြင့် သတိပြုသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် သကြားမုန်လာဥသည် သွေးပေါင်ထိန်းညှိပေးခြင်း၊ စိတ်ဖိစီးမှုကိုလျော့ကျစေခြင်း၊ သွေးအားနည်းရောဂါကိုကာကွယ်ပေးခြင်း၊ အိုမင်းရင့်ရော်မှုကိုကာကွယ်ပေးခြင်း၊ အမြင်အာရုံ၊ အသည်းနှင့်ကျောက်ကပ်အားကောင်းစေခြင်း၊ လေဖြတ်ခြင်းနှင့်နှလုံးရောဂါရခြင်းတို့မှ ကာကွယ်ပေးနိုင်သော ကြောင့် ကျန်းမာရေးအတွက် အလွန်ဆေးဖက်ဝင်ပြီး အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သည့် အမြစ်ဥသီးနှံတစ်မျိုးဖြစ်ပါသည်။ ယင်း၏အနီရင့်ရောင် သို့မဟုတ် ခရမ်းရောင်သန်းနေသော အရောင်ကြောင့် သိသာထင်ရှားပြီး အစိမ်းအတိုင်းဖြစ်စေ၊ ချက်ပြုတ်၍ဖြစ်စေ၊ ဖျော်ရည်လုပ်၍ဖြစ်စေ ချင့်ချိန်စားသုံးသင့်ကြောင်း တင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကွမ်းရှုပ်ခြောက်ပိသာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးကွမ်းရှုပ်ခြောက်ပိသာ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဌေး၏ပြောပြချက်အရ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလတစ်လတာကာလအတွင်း ငါးကွမ်းရှုပ်ခြောက်ပိသာ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ ငါးကွမ်းရှုပ်ခြောက် ပိသာ ၅၄၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

“ဒေသထွက်ငါးကွမ်းရှုပ်ခြောက်ကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာပါ။ အောက်တိုဘာလတစ်လအတွင်း ပိသာ ၅၄၀၀၀ အထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဓိကအဝယ်လိုက်နေလို့ တင်ပို့ရောင်းချနေရတာပါ။ လက်ရှိ အရောင်းအဝယ်ကောင်းနေတဲ့ ငါးခြောက်တွေက ပြီးခဲ့တဲ့နွေရာသီက ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ငါးခြောက်တွေကို ပြည်တွင်းမှာ စားသုံးသူများတဲ့အတွက် အဝယ်လိုက်နေတာဖြစ်ပါတယ်” ဟု ဒေါ်ဝင်းဌေးကပြောသည်။

ဒေးဒရဲမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ငါးပိ၊ ငါးခြောက်များ၊ ဒေသထွက်



ငါးကွမ်းရှုပ်ခြောက်များအပါအဝင် ကွက်သို့ တင်ပို့ရောင်းချလျက်ရှိ ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေး ကြောင်း သိရသည်။ **သုတကျော်**

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း

ယမန်နေ့မှအဆက်

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့်ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဃ) နည်းပညာ ငွေကြေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ လိုအပ်ပါက အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပမြေအောက်ရေကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့အစည်းများထံမှ အကူအညီရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြေအောက်ရေကို ရှာဖွေခြင်း၊ ထုတ်ယူသုံးစွဲခြင်းနှင့် ကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့များနှင့် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သော လုပ်ငန်းတာဝန်များကို ဦးစီးဌာနအား လွှဲအပ်တာဝန်ပေးခြင်း၊

(ဆ) လုပ်ငန်းလိုင်စင်ကြေးအပါအဝင် အခြားသော အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဇ) သုံးစွဲခွင့်ပြုမိန့်အတွက် ကာလအတိုင်းအတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြုရေပမာဏ သတ်မှတ်ခြင်း၊

(စျ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ည) သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သော ဗဟိုကော်မတီ၏ အကြံပေးအဖွဲ့ကို ဖွဲ့စည်းခြင်း။

၆။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌဝန်ကြီးချုပ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(ခ) နေပြည်တော်ကောင်စီဝင် သို့မဟုတ် ဒုတိယတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဥက္ကဋ္ဌသက်ဆိုင်ရာဝန်ကြီးတစ်ဦး

(ဂ) ဒုတိယဥက္ကဋ္ဌကြားရေးမှူးအဆင့်အောက် အဖွဲ့ဝင်မနိမ့်သော ပုဂ္ဂိုလ်တစ်ဦးစီ

(၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၃) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၆) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၇) သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ

(ဃ) အတွင်းရေးမှူး အတွင်းရေးမှူး
နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(င) ညွှန်ကြားရေးမှူး တွဲဖက်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အတွင်းရေးမှူး

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက်အလက်များ စုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကိုအသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ်ထားရှိခြင်း၊

(ခ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့် ပတ်ဝန်းကျင်မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းနှင့် မြေအောက်ရေကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သော လုပ်ငန်းတာဝန်များကို မြို့နယ်လုပ်ငန်းအဖွဲ့များအား လွှဲအပ်တာဝန်ပေးအပ်ခြင်း၊

(င) ဗဟိုကော်မတီအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းလိုင်စင် သို့မဟုတ် လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) လုပ်ငန်းသုံး တူးဖော်ခွင့်ပြုမိန့် သက်တမ်းတိုးလျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) တူးဖော်ထားသောစက်ရေတွင်းများကို ဝင်ရောက်စစ်ဆေးခြင်း၊

(စျ) အယူခံဝင်မှုများကို စိစစ်ဆုံးဖြတ်ခြင်း။

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် မြို့နယ်လုပ်ငန်းအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဂ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ဆည်မြောင်းနှင့်
ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(ဃ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်မြေစာရင်းဦးစီးဌာန

(င) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်သစ်တောဦးစီးဌာန

(စ) တာဝန်ခံ အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(ဆ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ဇ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(စျ) အမှုဆောင်အရာရှိ အတွင်းရေးမှူး
မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၉။ မြို့နယ်လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက်အလက်များ စုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်း ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကိုအသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ်ထားရှိခြင်း၊

(ခ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့် ပတ်ဝန်းကျင်မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဂ) ဗဟိုကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့်၊ သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) အိမ်သုံးတူးဖော်ခွင့်ပြုမိန့်၊ သက်တမ်းတိုး လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) တူးဖော်ထားသောစက်ရေတွင်းများကို ဝင်ရောက်စစ်ဆေးခြင်း။

အခန်း(၄)
တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်

၁၀။ (က) မြေအောက်ရေကို အိမ်သုံးအတွက် စက်ရေတွင်းတူးဖော်လိုသူသည် တူးဖော်ခွင့်ပြုမိန့်ရရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှ ထွက်ရှိသည့် မြေအောက်ရေကို အိမ်သုံးအတွက် ထုတ်ယူသုံးစွဲလိုသူသည် သုံးစွဲခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၁။ မြို့နယ်လုပ်ငန်းအဖွဲ့သည်-

(က) ပုဒ်မ ၁၀ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အိမ်သုံးအတွက် သုံးစွဲခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၂။ (က) မြေအောက်ရေကို လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်လိုသူသည် တူးဖော်ခွင့်ပြုမိန့်ရရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှထွက်ရှိသည့် မြေအောက်ရေကို လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲလိုသူသည် သုံးစွဲခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည်-

(က) ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

စာမျက်နှာ ၁၀ သို့

◗ စာမျက်နှာ ၉ မှအဆက်

(ခ) ပုဒ်မ ၁၂ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး လုပ်ငန်းသုံးအတွက် သုံးစွဲခွင့်ပြုမိန့်ကို ထုတ်ပေးရန်ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူသည်-

(က) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်တို့ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ထုတ်ပေးသည့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကိုခံယူရမည်။

(ဂ) စက်ရေတွင်းကို အကြောင်းတစ်ရပ်ရပ်ကြောင့် ပိတ်သိမ်းလိုပါက သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

အခန်း(၅)

လုပ်ငန်းလိုင်စင်

၁၅။ စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီစိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၇။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကိုခံယူရမည်။

အခန်း(၆)

သက်တမ်းတိုးလျှောက်ထားခြင်း

၁၈။ တူးဖော်ခွင့်ပြုမိန့်ရရှိသူသည်-

(က) စက်ရေတွင်းကို တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တူးဖော်ရမည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ စက်ရေတွင်းကို ပြီးစီးအောင် တူးဖော်နိုင်ခြင်းမရှိပါက တူးဖော်ခွင့်ပြုမိန့် သတ်မှတ်ကာလတိုးမြှင့်ပေးရန် တူးဖော်ခွင့်ပြုမိန့်ပေးသည့်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၉။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းအဖွဲ့ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်သောအဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီးနောက် သက်တမ်းတိုးမြှင့်ပေးသင့်ကြောင်းတွေ့ရှိလျှင် ယင်းခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းအဖွဲ့က သက်တမ်းတိုးမြှင့်ပေးရမည်။

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီရက်ပေါင်း ၃၀ အတွင်း သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သက်တမ်းတိုးပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း(၇)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၂။ သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သည် အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို အောက်ပါစီမံခန့်ခွဲရေးနည်းလမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း။

၂၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို အောက်ပါစီမံခန့်ခွဲရေးနည်းလမ်းတစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း။

အခန်း (၈)

အယူခံခြင်း

၂၄။ (က) မြို့နယ်လုပ်ငန်းအဖွဲ့က ပုဒ်မ ၂၂ စီမံခန့်ခွဲရေးနည်းလမ်းအရချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရချမှတ်သည့် အခြားဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ကိုပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့က ပုဒ်မ ၂၃ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သည့်ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ချမှတ်သည့် အခြားဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ကိုပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း(၉)

တားမြစ်ချက်များ

၂၆။ မည်သူမျှ-

(က) တူးဖော်ခွင့်ပြုမိန့်မရှိဘဲ အိမ်သုံးအတွက် စက်ရေတွင်းတူးဖော်ခြင်းမပြုရ၊

(ခ) သုံးစွဲခွင့်ပြုမိန့်မရှိဘဲ အိမ်သုံးအတွက် ထုတ်ယူသုံးစွဲခြင်းမပြုရ၊

(ဂ) တူးဖော်ခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်ခြင်းမပြုရ၊

(ဃ) သုံးစွဲခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲခြင်းမပြုရ၊

(င) လုပ်ငန်းလိုင်စင်မရှိဘဲ စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ၊

(စ) သဘာဝပတ်ဝန်းကျင်ထိခိုက်စေခြင်းနှင့် မြေအောက်ရေရေရှည်တည်တံ့ခိုင်မြဲရေးအား ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသော တူးဖော်သုံးစွဲခြင်းမျိုးမပြုရ။

၂၇။ တူးဖော်ခွင့်ပြုမိန့်ရရှိသူ မည်သူမျှ-

(က) တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် စက်ရေတွင်းတူးဖော်ခြင်းမပြုရ၊

(ခ) တူးဖော်ခွင့်ပြုမိန့်ပါ စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကိုကျော်လွန်၍ တူးဖော်ခြင်းမပြုရ။

၂၈။ လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမျှ -

(က) တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ၊

(ခ) တူးဖော်ခွင့်ပြုမိန့်ပါ စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကိုကျော်လွန်၍ တူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ၊

(ဂ) တူးဖော်ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပါက စက်ရေတွင်း တူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ။

၂၉။ မည်သူမျှမြေအောက်ရေညစ်ညမ်းစေမည့် မည်သည့်အပြုအမူကိုမျှ မပြုလုပ်ရ။

၃၀။ မည်သည့် သုံးစွဲခွင့်ပြုမိန့်ရရှိသူမျှ ဗဟိုကော်မတီက သတ်မှတ်ခွင့်ပြုထားသည့်ကာလအတိုင်းအတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြုရေပမာဏထက်ပို၍ ထုတ်ယူသုံးစွဲခြင်းမပြုရ။

၃၁။ မည်သူမျှ သုံးစွဲခွင့်ပြုမိန့်ပါ ခွင့်ပြုချက်မှတစ်ပါး အခြားလုပ်ငန်းများအတွက် အသုံးပြုခြင်းမပြုရ။

အခန်း(၁၀)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၂။ မည်သူမဆို -

(က) ပုဒ်မ ၂၆ ပုဒ်မခွဲ(က) သို့မဟုတ် (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၆ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၂၆ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၂၆ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၃။ တူးဖော်ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၄။ လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၆။ သုံးစွဲခွင့်ရရှိသူမည်သူမဆို ပုဒ်မ ၃၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

အခန်း(၁၁)

အထွေထွေ

၃၈။ ဗဟိုကော်မတီသည် စက်ရေတွင်းများတွင် မြေအောက်ရေ

စာမျက်နှာ ၁၁ သို့ ◗

➧ **စာမျက်နှာ ၁၀ မှအဆက်**

ထုတ်ယူသုံးစွဲမှုပမာဏကို တိုင်းတာနိုင်ရန် သင့်လျော်သော ရေမီတာစနစ်များတပ်ဆင်ရန် ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရမည်။

၃၉။ ရေလျှံတွင်းများ၊ ရေလျှံဇုန်များ၊ မြေအောက်ရေအောင်းလွှာဇုန် (groundwater basin) များ၊ မြေအောက်တမံ (subsurface dam) များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့မှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည်။

၄၀။ ဝန်ကြီးဌာနသည် ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များအရ ဗဟိုကော်မတီ နှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်သို့ နေရာဒေသအလိုက် မြေအောက်ရေ အခြေအနေဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးနိုင်ရန် သုတေသနများ ဆောင်ရွက်ရမည်။

၄၁။ ဝန်ကြီးဌာနသည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုခိုင်မာစေရန် မြေအောက်ရေနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာဗဟိုဌာန (Database Centre) ထူထောင်ခြင်း၊ မြေအောက်ရေရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ကြီးကြပ်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းများဆောင်ရွက်ရာတွင် လိုအပ်သော ဘဏ္ဍာရန်ပုံငွေကို တင်ပြတောင်းခံနိုင်သည်။

၄၂။ ဦးစီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၄၃။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အဆင့်ဆင့်သည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များကို ဦးစီးဌာနမှ တိုက်ရိုက်တောင်းယူနိုင်သည်။

၄၄။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ဗဟိုကော်မတီက သတ်မှတ်သည့် အခကြေးငွေများကိုလည်းကောင်း၊ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းမပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကိုလည်းကောင်း ကျခံရမည်။

၄၅။ လုပ်ငန်းလိုင်စင်၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်တို့မှရရှိသည့် အခကြေးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ္ဍာရန်ပုံငွေများသို့ ပေးသွင်းရမည်။

၄၆။ တူးဖော်ခွင့်ပြုမိန့်နှင့်သုံးစွဲခွင့်ပြုမိန့် လျှောက်ထားသူသည် ဗဟိုကော်မတီက အခါအားလျော်စွာသတ်မှတ်သည့် အခကြေးငွေများကို လည်းကောင်း၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့် ထုတ်ပေးခြင်းမပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကိုလည်းကောင်း ကျခံရမည်။

၄၇။ ဗဟိုကော်မတီသည် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုက်နာရခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၈။ ဤဥပဒေမပြဋ္ဌာန်းမီ တူးဖော်ခဲ့ပြီးသော စက်ရေတွင်းများအနက် တွင်းကောင်းမွန်ပြီး လက်ရှိရေထုတ်ယူနေသောတွင်းများသည် ဤဥပဒေအရထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း စာရင်းသွင်းခြင်း၊ မှတ်ပုံတင်ခြင်းများဆောင်ရွက်ရမည်။

၄၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၀။ The Underground Water Act (Burma Act No. IV, 1930) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

အာကာသဆိုင်ရာပန်းချီ/ ကာတွန်း/ ပိုစတာပြိုင်ပွဲနှင့်အာကာသနည်းပညာဆိုင်ရာ ပြခန်းများသို့ လာရောက်လေ့လာကြည့်ရှုသူများဖြင့်အထူးစည်ကား



နေပြည်တော် နိုဝင်ဘာ ၁၀

နေပြည်တော်ကောင်စီနှင့်မြန်မာအာကာသအရေးဂျင်စီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ အောင်မြင်စွာကျင်းပခဲ့သည်။

အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကိုစိတ်ဝင်စားပြီးအနာဂတ်အတွက် သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အာကာသနည်းပညာဆိုင်ရာ ပြခန်းများတွင်အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချ ပြခန်းရှိရာသို့ဝင်ကုန်၍ သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးစနစ်၊ ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသစူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသောအာကာသစူးစမ်းလေ့လာရေးသုတေသနပြခန်းများပြသထားပြီး ပြခန်းများကို ယနေ့တွင် ကျောင်းသား၊ ကျောင်းသူများနှင့်ပြည်သူများ ၄၇၃၂ ဦး လာရောက်လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါပြခန်းများကို နိုဝင်ဘာလ ၁၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **နေပြည်တော်(ပြန်/ဆက်)**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၀

သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လျော်ကြေး၊ နစ်နာကြေး အတည်ပြုပေးရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြလာသည့်ကိစ္စရပ်များတွင် လယ်ယာမြေများပေါ်၌ စိုက်ပျိုးခွင့်မရှိသောသီးနှံများပါဝင်လာမှုမရှိစေရေးစိစစ်ပေးရန် ညွှန်ကြားချက်များထုတ်ပြန်ထားရှိပြီးဖြစ်၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တွင် တာဝန်ယူထားကြသည့် ဌာနအလိုက် ဝန်ထမ်းများအား ထပ်ဆင့်လမ်းညွှန်ပေးကြရန်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြရာတွင်လည်း ရှင်းလင်းပြောကြားပေးရန် လိုအပ်လျက်ရှိကြောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်က ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နေပြည်တော်နှင့် တိုင်းဒေသကြီး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုရန် စိစစ်၍ ထောက်ခံတင်ပြလာသည့် လုပ်ငန်းစာတွဲများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြလုပ်ထုံးလုပ်နည်း(SOP)အရလည်းကောင်း ကိုက်ညီမှန်ကန်မှုရှိစေရန် စိစစ်အတည်ပြု ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင်ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်လုပ်ငန်းများကို တင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အကြောင်းအရာတစ်ခုချင်းအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ဒုတိယအကြိမ် ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များစုံညီစွာတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

➧ **ရှေ့ဖုံးမှအဆက်**

ယနေ့ညမှ နိုဝင်ဘာလ ၁၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသောလေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသောလေအေးများတွေ့ဆုံမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ အထူးမိုးလေဝသသတင်းနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်းသိရသည်။

(မိုး/၈လ)

လွှတ်တော်လုပ်ငန်းစဉ်များနှင့်ကျင့်ဝတ်စည်းကမ်းများ နိုင်ငံတကာစံနှုန်းနှင့်အညီကျင့်သုံးနိုင်ရေး ရှင်းလင်းတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်အခွင့်အရေး ကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက နိုင်ငံတကာလွှတ်တော်များတွင် ကျင့်သုံးလျက်ရှိသော မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း ဆိုင်ရာလွှတ်တော်လုပ်ထုံးလုပ်နည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ကျင့်ဝတ်စည်းကမ်း (Code of Conduct –COC) ဆိုင်ရာ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ရှင်းလင်းတင်ပြပွဲတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏ အဓိကတာဝန်များဖြစ်သည့် ဥပဒေပြုရေး၊ ပြည်သူကိုယ်စားပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အပေါ် စောင့်ကြည့်ထိန်းကျောင်းရေး တို့၌ မေးခွန်းမေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်း၏အရေးပါမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမေရိကန်၊ ဗြိတိန်၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့၏လွှတ်တော်လုပ်ထုံးလုပ်နည်းများကို အကျဉ်းချုပ်နှိုင်းယှဉ်တင်ပြပြီး မြန်မာနိုင်ငံ ပြည်သူ့လွှတ်တော်နည်းဥပဒေများပါ မေးခွန်းဆိုင်ရာ ပြဋ္ဌာန်းချက်များ (နည်းဥပဒေ ၁၃၉ မှ ၁၄၅) နှင့် အဆိုဆိုင်ရာပြဋ္ဌာန်းချက်များ (နည်းဥပဒေ ၁၅၅ မှ ၁၅၈) တို့အား အခြေခံ၍ လိုက်နာရမည့် သတ်မှတ်ချက်များ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်း (Code of Conduct – COC) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူအကျိုးကို ဦးစားပေးမှုတို့ကိုအခြေခံ၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရာထူးနှင့်လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အသုံးချခြင်းနှင့်အကျိုးစီးပွားပဋိပက္ခဖြစ်ပေါ်စေခြင်းများကို ရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ ကျင့်ဝတ် စည်းကမ်းများသည် လွှတ်တော်၏ဂုဏ်သိက္ခာနှင့်ပြည်သူ့ယုံကြည်မှုကို ထိန်းသိမ်းရာတွင် အဓိကကျကြောင်း၊ လွှတ်တော်အနေဖြင့်မဟာဗျူဟာဒါးနှစ်စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် အပြင် ပြည်ပခရီးစဉ်များကိုလည်း စေလွှတ်ပေးလျက်ရှိခဲ့ကြောင်းနှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များ၏ မေးမြန်းဆွေးနွေးမှုများကိုပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။ မြဝတီ

မွန်ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများရှင်းလင်းဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေစာရင်းများ ရရှိရန် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းကာ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုနိုင်ငံတော်အစိုးရလက်ထက်တွင်လည်း အဆိုပါကော်မတီအဆင့်ဆင့်ကို ဇူလိုင်လအတွင်းက ပြန်လည်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း ယနေ့နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ခုနှစ် ဧပြီလ ၄ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ မွန်ပြည်နယ်အနေဖြင့် ကျိုက်မရောမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ရွေးကောက်ပွဲကျင်းပရာတွင် အဓိကကျသည့် မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဆင့်ဆင့်က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ မဲစာရင်းပြုစုနိုင်ရန် လူဦးရေစာရင်းများပြုစုရာတွင် မြို့နယ်ဦးစီးမှူးရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံပြုစုရသည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်းပါအချက်အလက်များ မှန်ကန်ရန်လိုအပ်ပါကြောင်း၊ လူဦးရေအတိုးအလျော့၊ ပြောင်းဝင်ပြောင်းထွက်၊ သေဆုံးပယ်ဖျက်စာရင်းများကို သတ်မှတ်ချက်နှင့်အညီ ကာယကံရှင်က ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ ကော်မတီအဆင့်ဆင့်က ကလည်း ကာယကံရှင်များအနေဖြင့်သက်ဆိုင်ရာရုံးများသို့ အသိပေးဆောင်ရွက်နိုင်ရေး တိုက်တွန်းနှိုးဆော်ကာ လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဌာနအလိုက် ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီဝင်အချင်းချင်းက အချိန်နှင့်အမျှ ပြောင်းလဲနေသည့်လူဦးရေစာရင်းကို အမြဲမပြတ်ညှိနှိုင်းပေါင်းစပ်ကာ မှန်ကန်သည့်လူဦးရေစာရင်းအတည်ပြုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နှင့် မြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူရေးအဖွဲ့များဖွဲ့စည်းထားရှိမှုနှင့် ဗဟိုကော်မတီ၏ညွှန်ကြားချက်များနှင့်အညီ အတည်ပြုလူဦးရေစာရင်းပြုစုပေးပို့ရေးအတွက် ပြည်နယ်အတွင်းရှိ ကော်မတီအဆင့်ဆင့်က ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ မဲစာရင်းမှန်ကန်ရေးနှင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် ကျိုက်မရောမြို့နယ်၏ မဲစာရင်းအခြေအနေ၊ လုပ်ငန်းများအောင်မြင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးဆိုင်ရာနှင့် အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာလုပ်ငန်းများ၊ e-ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်မှုလုပ်ငန်းများအား လမင်းစီမံချက်ဖြင့် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ သဘာဝဘေးအန္တရာယ်နှင့် ပိုးမွှားများအန္တရာယ် တားဆီးကာကွယ်ရေး နေ့စဉ်ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်မှာကြားကာ မြို့နယ်ရုံးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြောင်းသိရသည်။

မြဝတီ

(၁၁)ကြိမ်မြောက် အင်းသားအမျိုးသားနေ့ အခမ်းအနားကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၁၀

(၁၁)ကြိမ်မြောက် အင်းသားအမျိုးသားနေ့ အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့မိုးကောင်းဘုရားကြီးကျောင်းမွန်ဘုရံ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအံ့မော်က တိုင်းရင်းသားများ၏စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ပျောက်ကွယ်သွားမည်ဆိုပါကလူမျိုးပါပျောက်ကွယ်သွားနိုင်သည့်အတွက်မိမိတို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များကို လက်ဆင့်ကမ်းအမွေပေးကြရန် လိုကြောင်း တိုက်တွန်းပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ အင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယကက အင်းသားအမျိုးသားနေ့အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အင်းရိုးရာအကအဖွဲ့၊ မယ်တို့ယိမ်းအကအဖွဲ့နှင့် ဓနုယဉ်ကျေးမှုအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေး၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အင်းသားအမျိုးသားနေ့ အခမ်းအနားကို အထိမ်းအမှတ်အခမ်းအနားတစ်ခုအဖြစ် ကျင်းပခြင်းသာမဟုတ်ဘဲ မိမိတို့၏သမိုင်းကြောင်း၊ အမျိုးသားဂုဏ်သိက္ခာ၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာအမွေအနှစ်များကို ပြန်လည်အမှတ်ရစေပြီး မျိုးဆက်သစ်လူငယ်များထံလက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)



ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ အားလုံးပါဝင်ဆောင်ရွက်စို့

ကျော်နိုင်ဦး(ပတ်ဝန်းကျင်)

“ရေ” တဲ့ ။ စကားလုံးက တစ်လုံးတည်း။ သူ့ရဲ့အသုံးဝင်မှုနဲ့အခန်းကဏ္ဍက ကျယ်ပြန့်နက်ရှိုင်းလှပါဘိ။ နေ့စဉ် စားဝတ်နေရေးအခြေခံလိုအပ်ချက်ကအစ အသက်ရှင်သန်ဖို့အထိ အရေးကြီးလှပါ၏။။ ရေမရှိဘဲ ဇီဝလောကမတည်ရှိနိုင်ပါ။ ရေဟာ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း အဓိကသော့ချက်ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတိုင်းက ငြိမ်းချမ်းသာယာဝပြောဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကဏ္ဍစုံမှာ ရေကိုနည်းလမ်းမျိုးစုံနဲ့ ရယူသုံးစွဲကြရပါတယ်။ ဒီလိုအဖိုးတန်ရေသယံဇာတတွေကို လူတိုင်းရယူခံစားခွင့်နဲ့ ထိန်းသိမ်းစောင့်ရှောက်ခွင့် တို့ဟာ လူသားတစ်ဦးချင်းစီတိုင်းရဲ့ အခွင့်အရေးဖြစ်ပါတယ်။

ကမ္ဘာ့ရေချို့အရင်းအမြစ်များ

ကမ္ဘာပေါ်မှာ ရေသယံဇာတတွေ အတိုင်းအဆမရှိပေါများတယ်လို့ထင်ရပေမယ့် ကမ္ဘာ့ရေထု စုစုပေါင်းရဲ့ ၉၇ ဒသမ ၅ ရာခိုင်နှုန်းက ဆားငန်ရေတွေဖြစ်ပြီး ကျန်တဲ့ ၂ ဒသမ ၅ ရာခိုင်နှုန်းကသာ ရေချို့ဖြစ်ပါတယ်။ အဆိုပါရေချို့တွေကို ရေခဲတောင်၊ ရေခဲမြစ်၊ ဆီးနှင်းတွေ၊ မြေအောက်ရေနဲ့ မြေပေါ်ရေဆိုပြီး ထပ်မံအမျိုးအစားခွဲတဲ့အခါမှာ ကျွန်ုပ်တို့သက်ရှိတွေ အမှန်တကယ်အသုံးပြုနိုင်တဲ့ ရေချို့ပမာဏဟာ ကမ္ဘာ့ရေချို့အားလုံးရဲ့ သုည ဒသမ ၀၁ ရာခိုင်နှုန်း မျှသာရှိပြီး အင်မတန်နည်းပါးလှတဲ့ပမာဏဖြစ်ပါတယ်။ ကျွန်ုပ်တို့လူတွေက မြေပေါ်မှာရှိတဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်နဲ့ မြေအောက်ကရေချို့တွေကိုသာ အမှီသဟဲပြုသုံးစွဲကြရတာပါ။ ဒီလို ပမာဏနည်းပါးလှပြီး တန်ဖိုးရှိတဲ့ရေချို့သယံဇာတတွေကို လျော့ပါးမသွားရလေအောင် ကျွန်ုပ်တို့ လူသားတွေအနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ဖို့ လုံးဝတာဝန်ရှိပါတယ်။

ရေ၏အသက်တမျှအရေးပါမှု

ရေဟာ နေ့စဉ်ရှင်သန်လှုပ်ရှားဖို့ မရှိမဖြစ်အရေးပါတဲ့ အသက်သွေးကြောဖြစ်ပါတယ်။ ခန္ဓာကိုယ်ရဲ့ ဇီဝကမ္မဖြစ်စဉ်တွေ ကောင်းစွာလုပ်ဆောင်နိုင်ဖို့၊ အာဟာရပြည့်ဝဖို့၊ ကျန်းမာသန်စွမ်းဖို့ မရှိမဖြစ်ရေလိုအပ်ပါတယ်။ အရွယ်ရောက်ပြီးလူတစ်ဦးရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ ရေဓာတ်က ၆၀ ရာခိုင်နှုန်း ကျော်ပါဝင်နေပြီး ရေဓာတ် ၁၀ ရာခိုင်နှုန်းခန့်ဆုံးရှုံးသွားခဲ့ရင် အသက်အန္တရာယ်ပင်ရှိနိုင်ပါတယ်။ ဒါကြောင့် “ရေအသက်တစ်မနက်” လို့ ဆိုရိုးစကားရှိခဲ့တာဖြစ်ပါတယ်။ ရေကို သောက်ရန်အတွက် သာမကဘဲ နေ့စဉ်ကိုယ်လက်သန့်စင်ဖို့၊ ဆေးကြောဖို့၊ ချက်ပြုတ်ဖို့နဲ့ အိမ်မှုကိစ္စအဝဝအတွက် မဖြစ်မနေသုံးစွဲကြရပါတယ်။

ကဏ္ဍစုံဖွံ့ဖြိုးရေးနှင့်ရေ

ကမ္ဘာတစ်ဝန်း စိုက်ပျိုးထုတ်လုပ်မှုအားလုံးမှာ ရေဟာ အဓိကသွင်းအားစုဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာလည်း စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ဆန်စပါးကနိုင်ငံရဲ့အဓိကတင်ပို့ကုန်ဖြစ်လို့ နိုင်ငံ့အခွန်ဘဏ္ဍာတိုးတက်ရေးနဲ့ စားရေရိက္ခာပြည့်စုံရေးအတွက် ရေဖူလုံဖို့အရေးကြီးပါတယ်။ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာဆိုရင်လည်း ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၉၀ ရာခိုင်နှုန်းခန့်ဟာ ရေကြောင်းလမ်းကတစ်ဆင့် စီးဆင်းနေတာဖြစ်ပါတယ်။ ရေကြောင်းသယ်ယူပို့ဆောင်ရေးက စရိတ်အသက်သာဆုံးဖြစ်ပြီး ကုန်ပစ္စည်းအမြောက်အမြားကို ရပ်ဝေးဒေသတွေဆီကို ပို့ဆောင်ပေးနိုင်ပါတယ်။ လောင်စာဆီကုန်ကျမှုလျော့နည်းပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလည်း သက်သာစေပါတယ်။ မြန်မာ့မြေပေါ်က မြစ်ကြီး၊ မြစ်ငယ် အသွယ်သွယ်ဟာ မြို့၊ ရွာတွေထဲ ကုန်စည်နဲ့ ခရီးသည်တွေကို ပို့ဆောင်ဆက်သွယ်ပေးတဲ့ အဓိက လမ်းကြောင်းကြီးတွေဖြစ်ပါတယ်။ ဒါ့အပြင် ရေအားလျှပ်စစ်ဟာ ပတ်ဝန်းကျင်ညစ်ညမ်းစေတဲ့ ဓာတ်ငွေ့တွေ ထုတ်လွှတ်ခြင်းမရှိဘဲ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်ပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးပေးနိုင်တဲ့ သန့်ရှင်းသောစွမ်းအင်ဖြစ်ပါတယ်။ ရေအားလျှပ်စစ်ကြောင့် စက်ရုံ၊ အလုပ်ရုံတွေ စရိတ်သက်သာစွာနဲ့ လည်ပတ်နိုင်ကြပါတယ်။ ကျောင်းနဲ့ဆေးရုံတွေမှာ ခေတ် မီပစ္စည်းတွေအသုံးပြုကာ လူ့စွမ်းအား အရင်းအမြစ်ကို မြှင့်တင်ပေးနိုင်ပါတယ်။ နိုင်ငံတစ်ဝန်း လျှပ်စစ်ထုတ်လုပ်မှုစုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းကျော်ဟာ ရေအားလျှပ်စစ်မှရရှိနေခြင်းဖြစ်ပါတယ်။

ရေချို့အရင်းအမြစ်များ လျော့နည်းလာခြင်း၏ အကြောင်းရင်း

ကမ္ဘာပေါ်မှာရှိတဲ့ ရေချို့အရင်းအမြစ်တွေ လျော့နည်းလာရတဲ့အကြောင်းရင်းတွေကို ခြုံငုံလေ့လာကြည့်တဲ့အခါ (၁) လူဦးရေတိုးတက်များပြားလာခြင်းနဲ့အတူ ရေသုံးစွဲမှုတွေ အဆမတန်များပြားလာခြင်း၊ (၂) ညစ်ညမ်းရေတွေအဖြစ် ပြောင်းလဲလာခြင်း၊ (၃) ရာသီဥတုပြောင်းလဲလာခြင်းဆိုတဲ့ အဓိကအကြောင်းရင်းသုံးရပ်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေတိုးပွားလာခြင်းနဲ့အတူ မြို့ပြနေထိုင်မှု များပြားလာခြင်း၊ လူနေမှုအဆင့်အတန်းတွေ မြင့်မားလာခြင်းတို့ကြောင့် စားရေရိက္ခာနဲ့ လူသုံးကုန်ပစ္စည်းတွေ ပိုမိုထုတ်လုပ်လာတဲ့အခါ ရေသုံးစွဲမှုပိုမိုမြင့်မားလာပါတယ်။ ဒါ့အပြင် ကမ္ဘာ့လူဦးရေသန်းပေါင်း ၂၅၀၀ ခန့်ဟာ နေ့စဉ်လိုအပ်တဲ့ရေအတွက် မြေအောက်ရေကို ထုတ်ယူသုံးစွဲကြပါတယ်။ ရေလိုအပ်ချက် တစ်နေ့တခြားမြင့်မားလာသော်လည်း ရေချို့ပမာဏက အကန့်အသတ်ရှိနေတယ်ဆိုတာ ကျွန်ုပ်တို့လူသားတွေ သတိပြုဆင်ခြင်ကြရမှာဖြစ်ပါတယ်။

စက်ရုံ၊ အလုပ်ရုံတွေကထွက်တဲ့ စွန့်ပစ်ရေဆိုးတွေကို ပြန်လည်မသန့်စင်ဘဲ တိုက်ရိုက်စွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံး ဓာတုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေ အကြောင်းအမျိုးမျိုးနဲ့ ရေထဲကို ရောက်ရှိခြင်း၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရာကနေထွက်တဲ့ ဘေးထွက်ပစ္စည်းတွေယိုဖိတ်ခြင်း၊ တစ်ခါသုံးပလတ်စတစ်အပါအဝင် စွန့်ပစ်အမှိုက်တွေ ပတ်ဝန်းကျင်ရေထုထဲကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း စတာတွေဟာ ရေထုညစ်ညမ်းမှုကိုဖြစ်စေပြီး ရေချို့တွေ သုံးစွဲမရတော့တဲ့အခြေအနေကို ဖြစ်ပေါ်စေနိုင်ပါတယ်။

ကမ္ဘာ့အပူချိန်မြင့်တက်မှုနဲ့အတူ ရာသီဥတုပြောင်းလဲလာမှုကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်တွေဖြစ်ပေါ်စေကာ မိုးရွာသွန်းမှုပုံစံတွေ ပြောင်းလာတဲ့အတွက် ကမ္ဘာ့ဒေသအများအပြားမှာ ရေရရှိမှုနည်းပါးလာပါတယ်။ အပူချိန်မြင့်တက်လာပြီး နွေကာလပိုမိုရှည်ကြာလာတာကြောင့် ရေတွင်း၊ ရေကန်နဲ့ မြစ်ချောင်းအင်းအိုင်တွေထဲက ရေတွေ ရေငွေ့ပြန်မှုပိုမိုများလာတဲ့အခါ ရေအရင်းအမြစ်တွေ လျော့နည်းလာစေပါတယ်။ တောင်တန်းဒေသတွေမှာ နေထိုင်သူတွေရဲ့ အားထားရာ ရေခဲမြစ်တွေ အရည်ပျော်မှုမြန်ဆန်လာတဲ့အခါ ရေခက်ခဲလာပြီး မြစ်ချောင်းတွေထဲကို ရေချို့ဖြည့်ဆည်းပေးနိုင်မှု ကျဆင်းလာရပါတယ်။

ကမ္ဘာ့ရေချို့ရှားပါးမှုပြဿနာ

UN-Water ရဲ့ အချက်အလက်နဲ့ ဆက်စပ်အစီရင်ခံစာတွေအရ လက်ရှိအချိန်မှာ ကမ္ဘာ့လူသန်းပေါင်း ၂ ဒသမ ၂ ဘီလီယံခန့်ဟာ သန့်ရှင်းဘေးကင်းတဲ့သောက်သုံးရေကိုမရရှိကြကြောင်း၊ လူသန်းပေါင်း ၃ ဒသမ ၄ ဘီလီယံခန့်ဟာ ဘေးကင်းလုံခြုံတဲ့ မိလ္လာစနစ်တွေချို့တဲ့နေကြောင်း၊ လူသန်းပေါင်း ၁ ဒသမ ၇ ဘီလီယံခန့်ဟာ တစ်ကိုယ်ရေသန့်ရှင်းမှုအထောက်အကူပြု အခြေခံဝန်ဆောင်မှုတွေ ကင်းမဲ့နေကြောင်း၊ လူသန်းပေါင်း ၄ ဘီလီယံခန့်ဟာ တစ်နှစ်မှာ အနည်းဆုံး တစ်လခန့် ပြင်းထန်တဲ့ ရေရှားပါးမှုဒဏ်ကို ရင်ဆိုင်နေကြရကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ကမ္ဘာ့လူဦးရေသန်းပေါင်း ၃၀၀၀ ကျော်ဟာ သူတို့နိုင်ငံရဲ့နယ်နိမိတ်တွေကို ဖြတ်သန်းစီးဆင်းနေတဲ့ မြစ်ရေတွေအပေါ် မှီခိုအားထားနေကြရပါတယ်။ ကမ္ဘာ့သမိုင်းတစ်လျှောက်မှာ ရေကို အကြောင်းပြုပြီး နှစ်နိုင်ငံအငြင်းပွားမှုတွေနဲ့ စစ်မက်ဖြစ်ပွားမှုတွေရှိခဲ့ဖူးပါတယ်။

မြန်မာ့ရေချို့သယံဇာတ

မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်က ရေချို့အရင်းအမြစ်အပေါများဆုံးနိုင်ငံတွေစာရင်းမှာ အဆင့် ၁၀ မှ ၁၄ အတွင်းရှိပြီး အာရှတိုက်မှာ ပဉ္စမမြောက် ရေချို့သယံဇာတအပေါများဆုံးနိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နဲ့ စစ်တောင်းမြစ်တို့ဟာ မြစ်ဖျားခံရာကနေ မြစ်ဝအထိ နိုင်ငံပိုင်နက်ထဲမှာပဲ လုံးဝတည်ရှိနေပါတယ်။ တရုတ်နိုင်ငံက စတင်မြစ်ဖျားခံစီးဆင်းလာတဲ့ သံလွင်မြစ်ကြီးဟာ မြန်မာနိုင်ငံဧရိယာထဲမှာ မိုင်ပေါင်း ၆၅၀ ကျော် ဖြတ်သန်းစီးဆင်းနေပါတယ်။ ဒါကြောင့် ဒီမြစ်ရေတွေနဲ့ မြစ်ဝှမ်းဒေသတွေကို မိမိတို့တစ်နိုင်ငံတည်း မူပိုင်သုံးစွဲနိုင်ကြပါတယ်။

မိမိတို့နိုင်ငံသည် ရေအရင်းအမြစ်ပေါများကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပေမယ့် ယခုနောက်ပိုင်းမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်တွေကို ခံစားလာရခြင်း၊ မြစ်၊ ချောင်းတွေမှာ အနည်ပို့ချမှုများလာခြင်း၊ ရေအရည်အသွေးကျဆင်းလာခြင်း၊ အချို့ဒေသတွေမှာ ထူးကဲစွာ မိုးရေချိန်နည်းပါးခြင်း၊ ဆည်တမံတွေ ရေအဝင်နည်းလာခြင်း စတာတွေကြောင့် ရေရှည်မှာ ရေအရင်းအမြစ်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မြို့ပြနဲ့ကျေးလက်ဒေသတွေ ဖွံ့ဖြိုးလာပြီး စက်ရုံ၊ အလုပ်ရုံတွေ တိုးပွားလာတာကြောင့် ရေချို့လိုအပ်ချက်ကလည်း မြင့်တက်လာနေပါတယ်။ ဒါကြောင့် အနာဂတ်ကာလမှာ ရေချို့အရင်းအမြစ်တွေ လျော့ပါးမသွားရလေအောင် ကြိုတင်စီမံဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

မြန်မာ့ရေကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်နေမှုများ

မြန်မာနိုင်ငံမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံတဲ့ ရေအရင်းအမြစ်တွေကို စီမံဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၂၆ ခုနှစ် ဇွန်လ ၂၀ ရက်ကပြင်ဆင်ဖွဲ့စည်းထားရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ တရားမျှတတဲ့ ရေခွဲဝေမှုစနစ်နဲ့ ပြည်သူအားလုံးပါဝင်နိုင်တဲ့ ဘက်စုံရေစီမံခန့်ခွဲမှုစနစ်တစ်ခုကို မြန်မာနိုင်ငံမှာ ကျင့်သုံးဖော်ဆောင်နိုင်ဖို့ အဆိုပါကော်မတီက ဦးဆောင်တာဝန်ယူဆောင်ရွက်လျက်ရှိနေပါတယ်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ မြစ်ချောင်းရေလမ်းကြောင်းတွေကောင်းမွန်ပြီး ၁၂ ရာသီအသုံးပြုနိုင်ဖို့နဲ့ မြို့ရွာများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရေးလုပ်ငန်းတွေ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ဘက်စုံရေအရင်းအမြစ်စီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရင်း ဆည်ရေသောက်ဧရိယာတွေ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျေးရွာတွေမှာ သန့်ရှင်းတဲ့သောက်သုံးရေရရှိဖို့အတွက် ရေတွင်းရေကန်တွေ တူးဖော်ပေးခြင်း၊ ရေသန့်စင်စက်တွေ တပ်ဆင်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာ့ကျေးလက်ဒေသတွေမှာ ရေရှားပါးမှုပြဿနာတွေ ယခင်ကထက် ပြေလည်လာကြတာကိုတွေ့ရှိရပါတယ်။ သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့အဖွဲ့တွေက မြို့နေလုပ်သားပြည်သူတွေ သောက်သုံးရေဖူလုံစေဖို့အတွက် ရေလှောင်ကန်နဲ့ အဝီစိတွင်းတွေကို ပြုပြင်ထိန်းသိမ်းခြင်း၊ နေ့စဉ်ရေပေးဝေခြင်းတို့အပြင် မိလ္လာစက်၊ ရေဆိုးသန့်စင်စက်တွေ တည်ဆောက်လည်ပတ်ထိန်းသိမ်းခြင်းနဲ့ စွန့်ပစ်အညစ်အကြေးတွေကြောင့် မြေထု၊ ရေထု၊ လေထု ညစ်ညမ်းမှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိကြပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ နိုင်ငံတစ်ဝန်းလုံးမှာ အဓိကရေဝေရေလဲဒေသကြီးခြောက်ခု ပိုင်းခြားသတ်မှတ်ကာ ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့အတူ ရေဝေရေလဲစိုက်ခင်းတွေကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေနဲ့ နိုင်ငံအတွင်းရှိမြစ်၊ ချောင်း၊ ကန်၊ ရေလှောင်တမံတွေရဲ့ ရေထုအရည်အသွေးကို လစဉ်ပုံမှန်တိုင်းတာလျက်ရှိပြီး ရေဆိုင်ရာအသိပညာပေးလှုပ်ရှားမှုတွေကို နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်လျက်ရှိနေပါတယ်။

ဒီလိုရေကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဟာ အခြားကဏ္ဍကိုလည်း တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးလာစေမှာဖြစ်တဲ့အတွက် ရေနဲ့ဆက်နွယ်တဲ့ ဝန်ကြီးဌာနတွေက မြန်မာ့ရေကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ပါတယ်။

တိုက်တွန်းနှိုးဆော်ချက်

သန့်ရှင်းဘေးကင်းတဲ့ရေကြောင့် လူသားအားလုံးကျန်းမာစွာအသက်ရှင်သန်ရပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ တိုးတက်လာခြင်းဟာ ငြင်းဆန်လို့မရတဲ့ လက်တွေ့အမှန်တရားတစ်ခုဖြစ်ပါတယ်။ လူသားတိုင်းနဲ့သက်ဆိုင်တဲ့ ရေချို့အရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ကျွန်ုပ်တို့ကမ္ဘာ့လူသားတိုင်းက အတူတကွပါဝင်ဆောင်ရွက်ကြဖို့ အချိန်တန်ပြီဖြစ်ပါတယ်။ ဒါကြောင့် ရေကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ပြီး ရေချို့ရေကောင်းတွေ ကမ္ဘာတည်သရွေ့ ရေရှည်တည်တံ့နိုင်စေဖို့ ကျွန်ုပ်တို့နိုင်ငံသားများအားလုံး ဟန်ချက်ညီညီလက်တွဲပူးပေါင်းဆောင်ရွက်ကြပါစို့လို့အလေးအနက်ထားတိုက်တွန်းတင်ပြအပ်ပါတယ်။ ။

မိမိတို့နိုင်ငံသည် ရေအရင်းအမြစ် ပေါများကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပေမယ့် ယခုနောက်ပိုင်းမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုရဲ့အကျိုးဆက်တွေကို ခံစားလာရခြင်း၊ မြစ်၊ ချောင်းတွေမှာ အနည်ပို့ချမှုများလာခြင်း၊ ရေအရည်အသွေးကျဆင်းလာခြင်း၊ အချို့ဒေသတွေမှာ ထူးကဲစွာ မိုးရေချိန်နည်းပါးခြင်း၊ ဆည်တမံတွေ ရေအဝင်နည်းလာခြင်း စတာတွေကြောင့် ရေရှည်မှာ ရေအရင်းအမြစ်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မြို့ပြနဲ့ကျေးလက်ဒေသတွေ ဖွံ့ဖြိုးလာပြီး စက်ရုံ၊ အလုပ်ရုံတွေ တိုးပွားလာတာကြောင့် ရေချို့လိုအပ်ချက်ကလည်း မြင့်တက်လာနေပါတယ်။ ဒါကြောင့် အနာဂတ်ကာလမှာ ရေချို့အရင်းအမြစ်တွေ လျော့ပါးမသွားရလေအောင် ကြိုတင်စီမံဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၀ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၂ (က) အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာလိုက်သည် -

(၁) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက် [ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာသံရုံး Website များမှလည်း Download ရယူနိုင်ပါသည်။] — **၁၁ - ၁၁ - ၂၀၂၆**

(၂) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက် — **၁၂ - ၁၁ - ၂၀၂၆ မှ ၂ - ၁၂ - ၂၀၂၆**

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဘားအံစက်မှုဇုန်၌ တစ်နှစ်လျှင် ရော်ဘာဖိနပ် ဒါဇင်တစ်သိန်းငါးသောင်းထုတ်လုပ်နိုင်သည့်စက်ရုံဖွင့်လှစ်



ဘားအံ နိုဝင်ဘာ ၁၀

ကရင်ပြည်နယ်အတွင်းထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို ဝယ်ယူပြီး အခြားဓာတုကုန်ကြမ်းများနှင့် ရောစပ်၍ တစ်နှစ်လျှင် အရည်အသွေးမြင့်ရော်ဘာဖိနပ်ဒါဇင်တစ်သိန်းငါးသောင်းထုတ်လုပ်နိုင်သည့် Thai Fashion ရော်ဘာဖိနပ်ထုတ်လုပ်ရေးစက်ရုံကို ယနေ့ နံနက်ပိုင်းတွင် ဘားအံ-လှိုင်းဘွဲ့ကားလမ်းမကြီးဘေး ဘားအံစက်မှုဇုန် ဇုန်အမှတ်(၁)ရှိ အဆိုပါစက်ရုံတည်နေရာ၌ ကျင်းပသည်။

အဆိုပါ စက်ရုံကိုရင်းနှီးမြှုပ်နှံမှုတန်ဖိုး ငွေကျပ်သန်း ၁၅၀၀ ဖြင့် တည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားတိုင်းမှူး၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောမျိုးမြင့်နှင့် ပြည်နယ်ဝန်ကြီးများက စက်ရုံကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ စက်ရုံဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားနှင့်ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

စက်ရုံဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ ကျော်ရှိသည့်အတွက် ကုန်ကြမ်းထွက်ရှိမှုနှင့် နှိုင်းယှဉ်ပါက တန်ဖိုးမြှင့်ကုန်ချော ထုတ်လုပ်နိုင်မှု နည်းပါးနေသေးပြီး ဘားအံစက်မှုဇုန် ဒေသဆိုင်ရာ ကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းရှင်များက ဆက်လက်၍ စက်တီးတာယာ၊ ဆိုင်ကယ်တာယာများထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားကာ စက်ရုံအတွင်း တပ်ဆင်အသုံးပြုထားသော စက်ပစ္စည်းများ၊ ရော်ဘာဖိနပ်ကုန်ကြမ်းထုတ်လုပ်ရေးအပိုင်းနှင့် ကုန်ချောထုတ်လုပ်ရေးအပိုင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အလားတူ (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပွဲတော်ကို ဒုံးအကပြိုင်ပွဲ၊ စင်တင်တေးဂီတဖျော်ဖြေပွဲ၊ MSME ထုတ်ကုန်ပြခန်းများ၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးပြခန်းများ၊ ဓာတ်သဘင်အကအလှများ၊ ဈေးရောင်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ဘားအံမြို့အတွင်း တပ်ဆင်အသုံးပြုထားသော စက်ပစ္စည်းများ၊ ရော်ဘာဖိနပ်ကုန်ကြမ်းထုတ်လုပ်ရေးအပိုင်းနှင့် ကုန်ချောထုတ်လုပ်ရေးအပိုင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အလားတူ (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပွဲတော်ကို ဒုံးအကပြိုင်ပွဲ၊ စင်တင်တေးဂီတဖျော်ဖြေပွဲ၊ MSME ထုတ်ကုန်ပြခန်းများ၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးပြခန်းများ၊ ဓာတ်သဘင်အကအလှများ၊ ဈေးရောင်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ဘားအံမြို့အတွင်း တပ်ဆင်အသုံးပြုထားသော စက်ပစ္စည်းများ၊ ရော်ဘာဖိနပ်ကုန်ကြမ်းထုတ်လုပ်ရေးအပိုင်းနှင့် ကုန်ချောထုတ်လုပ်ရေးအပိုင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

စက်ရုံဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ ကျော်ရှိသည့်အတွက် ကုန်ကြမ်းထွက်ရှိမှုနှင့် နှိုင်းယှဉ်ပါက တန်ဖိုးမြှင့်ကုန်ချော ထုတ်လုပ်နိုင်မှု နည်းပါးနေသေးပြီး ဘားအံစက်မှုဇုန် ဒေသဆိုင်ရာ ကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းရှင်များက ဆက်လက်၍ စက်တီးတာယာ၊ ဆိုင်ကယ်တာယာများထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားကာ စက်ရုံအတွင်း တပ်ဆင်အသုံးပြုထားသော စက်ပစ္စည်းများ၊ ရော်ဘာဖိနပ်ကုန်ကြမ်းထုတ်လုပ်ရေးအပိုင်းနှင့် ကုန်ချောထုတ်လုပ်ရေးအပိုင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အလားတူ (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပွဲတော်ကို ဒုံးအကပြိုင်ပွဲ၊ စင်တင်တေးဂီတဖျော်ဖြေပွဲ၊ MSME ထုတ်ကုန်ပြခန်းများ၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးပြခန်းများ၊ ဓာတ်သဘင်အကအလှများ၊ ဈေးရောင်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ဘားအံမြို့

သီရိကွင်းတွင် စည်ကားသိုက်မြိုက် ထူးအယ်လင်းနှင့် ဒေသခံအဆိုရှင်များ၏ စင်တင်တေးဂီတဖျော်ဖြေပွဲ၊ ချစ်ရဲမင်း ဇာတ်သဘင်၏ အကအလှများဖြင့်ဖျော်ဖြေပွဲတို့ကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ သီရိကွင်းအတွင်း ပွဲဈေးလှည့်လည်၍ ပြည်သူများနှင့်အတူ အေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် အဆောက်အအုံများပြုပြင်နေမှုနှင့် ယာယီဆေးရုံပြုပြင်ပြင်ဆင်နေမှုအား ကြည့်ရှုစစ်ဆေး



ဖလမ်း နိုဝင်ဘာ ၁၀

ဖလမ်းမြို့ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ဖ ခန်းတွဲ ၂ ထပ် ဝန်ထမ်းအိမ်ရာ ၅၀ ရာခိုင်နှုန်းပြုပြင်ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးကလုပ်ငန်းများ အချိန်မီပြီးစီးအပ်နှံနိုင်ရေး ဆောင်ရွက်ရန်၊ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက သက်ဆိုင်ရာဌာနမှ စနစ်တကျလွှဲပြောင်းလက်ခံရယူပြီး ဝန်ထမ်းများနေရာချထားနိုင်ရေးစီမံဆောင်ရွက်ရန်မှာကြားသည်။

ထိုမှတစ်ဆင့် ယာယီပြည်သူ့ဆေးရုံဖွင့်လှစ်ရန် ပြုပြင်နေသည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးရာပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးဒေါက်တာချမ်းငြိမ်းမောင်က ဖ ခန်းတွဲ ၂ ထပ် ဝန်ထမ်းအိမ်ရာတွင် ခွဲစိတ်ကုသဌာန၊ အရိုးကုသဌာန၊ သားဖွားမီးယပ်ကုသဌာန၊ သားဖွားခန်းနှင့် ဓာတ်မှန်ဌာနအတွက် အဆောက်အအုံပြုပြင်နေမှုများကို လည်းကောင်း၊ ဈ ခန်းတွဲ ၂ ထပ် ဆောင်ထွင်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနခုံရုံးနှင့် ဆေးဝါးဆေးပစ္စည်းသိုလှောင်ခန်းအတွက် ပြုပြင်နေမှုအခြေအနေကိုလည်းကောင်း၊ ၄ ခန်းတွဲ ၂ ထပ်ဆောင်တွင် ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ရုံးခန်း၊ ဖျားနာကုသဆောင်၊ ကလေးရောဂါကုသဌာနနှင့်ဓာတ်ခွဲခန်းအတွက် ပြင်ဆင်ပြုပြင်နေမှုအခြေအနေများကိုလည်း ကောင်းရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းအဆောက်အအုံများသည် ပြုပြင်ပြီးစီးမှု ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် လာမည့်နှစ်ဆန်းတွင် ယာယီဆေးရုံ ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ သူနာပြုသိပ္ပံသင်တန်းကျောင်းဝင်းအတွင်းရှိ သူနာပြုစာသင်ဆောင်-၂ (၂) ထပ်ဆောင် ၈၅ ရာခိုင်နှုန်းပြုပြင်ပြီးစီးမှုအခြေအနေနှင့် သင်တန်းခန်းမ ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ကျောင်းအုပ်ကြီးရုံးခန်း ရာနှုန်းပြည့် ပြုပြင်ပြီးစီးမှု၊ ရုံးလုပ်ငန်းဆောင်ရွက်မှုနှင့် သင်တန်းသူအိပ်ဆောင်ပြုပြင်မှုအခြေအနေများကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် သူနာပြုသိပ္ပံဘွဲ့နှင်းသဘင်ခန်းမ ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ခံက လုပ်ငန်း ၅၅ ရာခိုင်နှုန်းပြုပြင်ပြီးစီးမှုအခြေအနေအား ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ပစ္စည်းအရည်အသွေး၊ အဆောက်အအုံအရည်အသွေးကောင်းမွန်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စာချုပ်ပါစည်းမျဉ်းစည်းကမ်းအတိုင်းလုပ်ငန်းအချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ယင်းနောက် ရာနှုန်းပြည့်ပြုပြင်ပြီးစီးသည့် ဆရာဝန်နေအိမ်၊ ဆေးရုံအုပ်နေအိမ်နှင့် အထူးကု ဆရာဝန်နေအိမ်များအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနေထိုင်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ယမန်နေ့ကလည်း ဖလမ်းမြို့ စည်ပင်သာယာဈေးသို့သွားရောက်၍ ဈေးရောင်းချနေမှု၊ ဈေးအတွင်း အပြင်နှင့်အသားခုံများ သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု၊ စည်ပင်သာယာဈေးအတွင်း၌ အသားငါးနှင့်ဒေသထွက်ဟင်းသီးဟင်းရွက်များရောင်းချနေမှုနှင့် ဈေးအပြင်ဘက် စည်ပင်သာယာဆိုင်ခန်းများတွင် ဈေးရောင်းချနေမှုများကို ကြည့်ရှုကာ ဒေသခံဈေးသူဈေးသားများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

▲ ကျောဖုံးမှအဆက်

လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိသဖြင့် TNLA အဖွဲ့မှ ဗျူဟာမှူးအဆင့်ရှိ ဂူဆီးအပါအဝင် အမျိုးသား ၁၇၈ ဦးနှင့် အမျိုးသမီး ၂၂ ဦး၊ စုစုပေါင်း ၂၀၀ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့် အတူ ပြန်လည်ဝင်ရောက်လာကြသည့် TNLA အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့ရှိ ပတ္တမြားမြေအားကစားခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အရာရှိစစ်သည်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများနှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA-1 အမျိုးအစား သေနတ် (၅) လက်၊ Type 81 အမျိုးအစား သေနတ် (၆၆)လက်၊ AK-47 အမျိုးအစား သေနတ်(၃)လက်၊ M-22အမျိုးအစား သေနတ် (၄)လက်၊ ပစ္စတို(၃)လက်၊ လက်လုပ်သေနတ်(၃)လက်၊ ကျည်အိမ်မျိုးစုံ(၈၄) ခုနှင့် ကျည်မျိုးစုံ (၁၄၇၂)တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၇၈ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၉၀၀၊ ပစ္စတို ၃ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၆၀၊ လက်လုပ်သေနတ် ၃ လက်အတွက် ဆုကြေးငွေကျပ် ၁၅ သိန်း၊ လက်နက်မပါ အလင်းဝင်ရောက်လာသူ ၁၁၆ ဦးအတွက် ဆုကြေးငွေကျပ် ၁၁၆ သိန်းတို့ကို ပေးအပ်ပြီး ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား အပ်နှံထားသော လက်နက်ခဲယမ်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လက်ဖက်ရည်ပိုင်းတို့ဖြင့် တည်ခင်းဧည့်ခံသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူ ပါရှိလာသည့် လက်နက်၊ ခဲယမ်းများကို လွှဲပြောင်းအပ်နှံစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေများပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးတို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်၊ ခဲယမ်းများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်၊ ခဲယမ်းများကိုတွေ့ရစဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် TNLA အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြားခြင်း၊ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါကကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-



“အလင်းဝင်ပြီးတော့ ကျွန်တော်တို့ ပြန်လာရခြင်း ရည်ရွယ်ချက်ကတော့ အစကတည်းက ကျွန်တော်တို့က နိုင်ငံရေးလည်းနားမလည်ဘူး။ တော်လှန်ရေးလည်းနားမလည်ဘူး။ ဖိအားတစ်မျိုးကြောင့် ဒီလိုလုပ်ခဲ့တယ်။ အခက်အခဲအမျိုးမျိုးနဲ့ အဆင်မပြေတဲ့အခါကျတော့ ကျွန်တော်တို့လုပ်နေကျ နားလည်တဲ့အလုပ်မျိုး မဟုတ်တဲ့အခါကျတော့ နည်းလမ်းရှာပြီးတော့မှ မြို့မြို့ဖ လူကြီးတွေကတစ်ဆင့် နိုင်ငံတော်ကို ဆက်သွယ်ပြီးတော့မှ အလင်းဝင်လာခဲ့တယ်။ ကျွန်တော်တို့ရဲ့ ဗီဇ။ ကျွန်တော်တို့ ဖြစ်ချင်တဲ့ဟာမျိုး မဟုတ်တဲ့အခါကျတော့ အခုလုပ်တဲ့အခါကျတော့ အေးချမ်းသာယာလာဖို့ အတူတူ မြို့တွင်းအုပ်ချုပ်ရေးပိုင်းမှာ မြို့တွင်းကင်းတာဝန်အနေနဲ့ ဆောင်ရွက်ရတာရှိတယ်ဗျ။ အလင်းဝင်ရတဲ့ အကြောင်းရင်းကတော့ တောထဲမှာပဲနေပြီးတော့ ကျွန်တော်တို့ရဲ့ အနာဂတ်က ပျောက်ဆုံးနေတယ်။ ပြီးတော့ နိုင်ငံတော်နဲ့တပ်မတော်ရဲ့ သဘောထားကို သိရှိနားလည်ပြီးတော့မှ အလင်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကျွန်ခဲ့တဲ့သူတွေကိုလည်း ဖြစ်နိုင်ရင် အမြန်ဆုံးလာခဲ့ပါ အစစအရာရာအဆင်ပြေတယ်လို့ဖိတ်ခေါ်မှန်မှန်ဆွေးခဲ့တယ်။ ကျွန်တော်တို့ တော့ အရမ်းကို ပျော်ရွှင်တယ်။ ကျောက်မဲကနေပြီးတော့မှ ပြင်ဦးလွင်၊ မန္တလေး၊ သပိတ်ကျင်း၊ မိုးကုတ် ကျွန်တော်တို့ကို ညတွင်းချင်းပို့ပေးတယ်။ ကျွန်တော်တို့အစစအရာရာ ဘာမှလုပ်စရာမရှိဘူး။ ဒီအတွက်နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ အခုကျန်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေ အမြင်မှန်ရပြီးတော့ ကိုယ့်မိသားစုအတွက် ကိုယ့်ရဲ့မြို့ရွာအတွက်ကိုယ့်ရဲ့ လူမျိုးအတွက် တောထဲမှာပဲ မနေဘဲနဲ့ ပြန်လာဖို့ အလင်းလာဝင်ပြီးတော့မှ ခုနကပြောသလို ကိုယ့်မြို့ရွာအေးချမ်းသာယာလာဖို့ အတူတူ ချင်ပါတယ်”ဟု ပြောသည်။

“သူတို့တစ်အိမ်တစ်ယောက်ခေါ်တော့ လိုက်သွားခဲ့ရတယ်။ သူတို့ကကိုယ့်မြို့မှာပဲ နေရမယ်လို့ပြောပြီး နောက်တော့ တောထဲကိုခေါ်သွားခဲ့လို့ တောထဲမှာပဲ နေခဲ့ရတယ်။ တောထဲရောက်တော့ သမီးကို စစ်မေဆိုပြီး မွေးမြူရေးလုပ်ခိုင်းတယ်။ ပြီးရင်နေ့တိုင်းဖက်ထိပ်လုပ်ရတယ်။ အခက်အခဲကတော့ စားရေးသောက်ရေး အခက်အခဲရှိတယ်။ သင်တန်းက သုံးလသင်တန်းမှာ ကျတော့လည်းအခက်အခဲကြုံတာကစားရေးသောက်ရေးပါပဲ။ အလင်းလာဝင်ရတဲ့ အကြောင်းကတော့ နိုင်ငံတော်ရဲ့ သဘောထားအမှန်ကို သိရှိတဲ့အတွက် သမီးတို့အလင်းဝင်ခဲ့ခြင်းဖြစ်တယ်။ နိုင်ငံတော်ကလည်း သမီးတို့အလင်းဝင်ဖို့အတွက် လှိုက်လှိုက်လဲ့လဲ့ ကြိုဆိုပေးတဲ့အတွက်လည်း သမီးတို့အနေဖြင့် အလွန်အင်မတန်ဝမ်းသာပီတိတွေ ဖြစ်မိပါတယ်။ အရမ်းလည်း ဂုဏ်ယူပါတယ်။ သမီးတို့ကို ပြန်လက်ခံပေးတဲ့အတွက် ရော ကြိုဆိုပေးတာ အစစအရာရာ အကုန်လုံးလုပ်ပေးတယ်။ ကားက အစ လိုလေသေးမရှိအောင် ဒီဘက်ထိရောက်အောင်ပံ့ပိုးပေးခဲ့တယ်။ အဲဒီအတွက်လည်း နိုင်ငံတော်ကို အရမ်းကျေးဇူးတင်ပါတယ်။ ကျန်ခဲ့တဲ့သူတွေလည်း တပ်မတော်ရဲ့ စေတနာနဲ့သဘောထားကို သိပြီဆိုလို့ရှိရင်တော့ သမီးတို့လိုပဲ ဒီကိုလာမယ်လို့ မျှော်လင့်ပါတယ်။ တပ်မတော်နဲ့ပူးပေါင်းခွင့်ရတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကိုယ့်လူမျိုးနဲ့ တပ်မတော်အတွက် အကောင်းဆုံးဖြစ်အောင်ကြိုးစားသွားမှာပါ”ဟု ပြောသည်။ (၁၀၀)







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တာဝန်ရှိသူများ၊ ဘင်္ဂလားအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

★ **ရှေ့ဖုံးမှအဆက်**

အေဂျင်စီနှင့် အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ပြိုင်ပွဲဝင်ကျောင်းသား၊ကျောင်းသူများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပပြုလုပ်မည့်မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ သို့ ရောက်ရှိလာရာ တာဝန်ရှိသူများ၊ ဘင်္ဂလားအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတက အခြေခံပညာအဆင့်အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အာကာသနည်းပညာဆိုင်ရာပြခန်းများဖြစ်သည့် အာကာသနှင့် AI နည်းပညာသုံးစိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးစနစ်၊ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သခ်ၤာပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသစူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသောအာကာသစူးစမ်းလေ့လာရေး သုတေသနပြခန်းတို့အတွင်း ပြခန်းတစ်ခုချင်းစီ အလိုက်စိတ်ပါဝင်စားစွာဖြတ်လှည့်လည်ကြည့်ရှုလေ့လာရာ ပြခန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာကာသနည်းပညာဆိုင်ရာပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းသား၊ ကျောင်းသူလေးများ၏ အခြေခံပညာအဆင့်အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးဆွဲနေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

❖ **နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ မြေဆီလွှာ၊ ရေနှင့်သီးနှံအခြေအနေကို သိရှိပြီး အချိန်မီစီမံနိုင်ရေးအတွက် အာကာသနှင့် AI နည်းပညာကို အသုံးပြုဆန်းစစ်ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ်သုတေသနပြုကြိုးပမ်းဆောင်ရွက်သွားကြရန်လို . . .**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ယခင်ပြိုင်ပွဲ၌ ဆုရရှိခဲ့သည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာလက်ရာများခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

တိုးတက်ပြောင်းလဲနေသဖြင့် မိမိတို့နိုင်ငံအတွက်လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေသိရှိနားလည်ရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ မြေဆီလွှာ၊ ရေနှင့် သီးနှံအခြေအနေကိုသိရှိပြီး အချိန်မီ စီမံနိုင်ရေးအတွက် အာကာသနှင့် AI နည်းပညာကိုအသုံးပြုဆန်းစစ်ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် သုတေသနပြုကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတွင်းရှိ ရေသယံဇာတအပါအဝင် သဘာဝအရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များရယူကာ အကျိုးရှိရှိအသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ အာကာသနှင့်ပတ်သက်သည့် ပြပွဲများ၊ ပြိုင်ပွဲများကျင်းပပြုလုပ်ပေးခြင်း၊ အာကာသနှင့်ပတ်သက်သည့်အသိပညာများအား မျိုးဆက်သစ်လူငယ်မောမိမယ်များသိရှိနားလည်နိုင်ရေးခေတ်နှင့်အညီ စဉ်ဆက်မပြတ်အဆင့်မြှင့်တင်လုပ်ဆောင်ပေးခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကို စိတ်ပါဝင်စားမှုမြင့်တက်လာစေရေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ၿငိုးနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူလေးများ၏ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးဆွဲနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ယခင်ပြိုင်ပွဲ၌ ဆုရရှိခဲ့သည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာလက်ရာများခင်းကျင်းပြသထားရှိမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတက ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများအားရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအေဂျင်စီတို့က ကြီးမှူး၍ အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့်နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲများကို အခြေခံပညာမူလတန်းအဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့် ယနေ့တွင်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်၌ “လူသားနှင့်အနာဂတ်အာကာသ”ခေါင်းစဉ်ဖြင့် နိုဝင်ဘာလ ၁၁ ရက်တွင်လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၌ “အသုံးချလေ့လာအာကာသနည်းပညာ” ခေါင်းစဉ်ဖြင့် နိုဝင်ဘာလ ၁၂ ရက်တွင်လည်းကောင်း အသီးသီးကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသားကိုဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Dang Quang Sanh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ



မြန်မာနိုင်ငံမှတာဝန်ရှိသူက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်စဉ်။

Second Secretary Mr. Evgeny Pimenov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၁၅၂၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၂၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၇၁ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၃၉၁ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၆၈၀ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံ(၁)လုံး

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံ(၁)လုံး


ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်
(၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်
(၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်
(၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ဖြိုဖျက်ပြီးစီးမှု



➢ **ကျောဖုံးမှအဆက်**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး၊ စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

တောင်ကြီးဂေါက်ကလပ်(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ဖွင့်ပွဲကျင်းပ



တောင်ကြီး နိုဝင်ဘာ ၁၀

တောင်ကြီးဂေါက်ကလပ် (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ တောင်ကြီးဂေါက်ကလပ်၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ္ဘောဧဘော်နှင့် ကမ္ဘောဧအုပ်စုတည်ထောင်သူ နာယကနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ဘည်းမော်ကွန်းတိုင်နှင့် မှတ်တမ်းတင်ဂုဏ်ပြုကျေားဇူးတင်လွှာကျောက်စာတိုင်တို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ အမွေးနုံသာရည်ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တောင်ကြီးဂေါက်ကလပ် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက SMOKE BALL ရိုက်ဖွင့်လှစ်ပေးကြပြီး စိန်ရတုအထိမ်းအမှတ်အဖြစ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကံ့ကော်ပင် စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

စစ်တွေမြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

စစ်တွေ နိုဝင်ဘာ ၁၀

စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား တွေ့ဆုံ၍ အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ယမန်နေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ရွှေစေတီဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့်တွေ့ဆုံ၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများအနေခြမ်းစွာနေထိုင်စားသောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများကို လစဉ်ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးများရရှိရေးတို့ကိုလည်း စိမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင်ယာယီနေရပ်စွန့်ခွာပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကိုလည်း စိမံဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူများက လိုအပ်သည်များကိုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးပြီး အခြေခံစားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရွာကြီးမြောက်ရပ်ကွက် ဓမ္မရိပ်သာဘုန်းတော်ကြီးကျောင်းနှင့် ဧည်ဝတီရပ်ကွက်ရှိ ဓမ္မာရာမဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ယာယီနေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ပြည်သူများ၏တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ထည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် လူနေဆောင်များ၊ ထမင်းချက်ဆောင်များနှင့်သန့်စင်ခန်းများဆောက်လုပ်ပြီးစီးနေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

၁၀-၁၁-၂၀၂၆ ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၅ ~ ၃၆၇၀	၅၁၇.၄ ~ ၅၁၈	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၆,၄၄၇,၁၁၇.၁၆	၆,၂၅၄,၅၂၃.၃၉	၃၁,၁၅၉,၄၀၉.၇၂	

မအူပင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

မအူပင် နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ၂၀၂၆ ခုနှစ် မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၂၅နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို နိုဝင်ဘာလ ၁၀ ရက်နံနက်ပိုင်းတွင် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားရုံအတွင်း၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲကို နိုဝင်ဘာလ ၈ ရက်မှစတင်၍ မအူပင်ခရိုင်အတွင်းရှိ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ဓနုဖြူမြို့နယ်တို့မှ ကိုယ်စားပြုအသင်းများ ယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲစဉ်အဖြစ် ညောင်တုန်းမြို့နယ် ကိုယ်စားပြုအသင်းနှင့် ပန်းတနော်မြို့နယ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ညောင်တုန်းမြို့နယ်အသင်းက ပန်းတနော်မြို့နယ်အသင်းကို ၁၅ မှတ် ၇ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်အောင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

စန်းစန်း

အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့ည ၆ နာရီ ၃၄ မိနစ် ၂၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပြည်ကြီးတံခွန်မြို့နယ်၏အရှေ့-အရှေ့မြောက်ဘက် ၃ မိုင်ခန့် အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၆ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M)အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “DAW MAY ZIN ” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁) ရပ်ကွက်နေ မေဇင်လှိုင်အား ညနေ ၆ နာရီတွင် ပုသိမ်မြို့မရဲစခန်း(ပ)၁၆၃/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(၁၀၀)

“ပြည်သူ့ကြောက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြောက်ပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူ့ပိုင်စည်းစိမ်ဥစ္စာများကို ကိုယ်ကျိုးရှာခေါင်းပုံဖြတ် ဖျက်ဆီးရောင်းချအမြတ်ကြီးစားနေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၁၁-၁၁-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၈-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံ၏အဓိပ်တန်သဘာဝသယံဇာတများကို ခိုးယူသုံးစွဲရုံသာမက ပြည်သူ့အကျိုးစီးပွားထိခိုက်စေမည့်လုပ်ရပ်များကို ဥပဒေမဲ့ကျူးလွန်နေကြတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ် များနှင့် ကိုယ်ရေးအချက်အလက် များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒက္ခိဏာသီရိဆက်သွယ်ရေးစခန်းအား ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၀

နေပြည်တော်ကောင်စီနယ်မြေ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒက္ခိဏာသီရိဆက်သွယ်ရေးစခန်းကို ယနေ့တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စက်ပစ္စည်းများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေး ရေရှည်ကောင်းမွန်နေစေရေး၊ စက်ခန်းများတွင် တပ်ဆင်ထားသည့် လေအေးပေးစနစ်များကို ကောင်းမွန်အောင် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်သွားရန်၊ စက်ပစ္စည်းများ၏ ဝန်အားနှင့် လိုက်လျောညီထွေစွာ လျှပ်စစ်စွမ်းအား၊ အရန်ဓာတ်အားပေးစက်နှင့်ဘက်ထရီများကိုလည်း သင့်တင့်မျှတနိုင်နင်းစွာအသုံးပြုနိုင်ရေး စနစ်တကျတွက်ချက်အသုံးပြုသွားရန်မှာကြားသည်။

ဆက်လက်၍ စက်ခန်းများ၏ လုံခြုံရေးကို အထူးဂရုပြုကြပ်မတ်ဆောင်ရွက်ရန်၊ ဆက်သွယ်ရေးလိုင်းများ ပိုမိုကောင်းမွန်နေစေရေးနှင့် ဒေသခံပြည်သူများ အင်တာနက်နှင့် မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် ကြိုတင်ကာကွယ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို အထူးအလေးထား မှာကြားခဲ့ပြီး လိုအပ်သည့် အချက်အလက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ-၁၉ ဖူဆယ်လိဂ်ပွဲစဉ်(၁၉)ပြိုင်ပွဲကို နိုဝင်ဘာလ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် နံနက် ၈ နာရီခွဲ၌ အဆင့်(၁၀)နေရာမှ SHWE PYI THAR UTD အသင်းနှင့် အဆင့်(၂)နေရာမှ PACIFIC SUN FAR အသင်း၊ နံနက် ၁၀ နာရီတွင် အဆင့်(၁၂)နေရာမှ BURMESE WARRIORS အသင်းနှင့် အဆင့်(၆)နေရာမှ ULAD အသင်း၊ နံနက် ၁၁ နာရီခွဲတွင် အဆင့်(၃)နေရာမှ YRG အသင်းနှင့် အဆင့်(၁၁)နေရာမှ MINGALARDON CITY အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထို့အတူ မွန်းလွဲ ၁ နာရီတွင် အဆင့်(၈)နေရာမှ UNITED CITY အသင်းနှင့် အဆင့်(၄)နေရာမှ YCDC DREAM TEAM အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် အဆင့်(၉)နေရာမှ ROYAL NOKA အသင်းနှင့် အဆင့်(၁၀)နေရာမှ MIU အသင်း၊ ညနေ ၄ နာရီတွင် အဆင့်(၅)နေရာမှ GOLD DREAM အသင်းနှင့် အဆင့်(၇)နေရာမှ JV အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

✦ **လူမှုမီဒီယာမှ**



အိမ်ရှင်နိုင်ငံနှင့် နိုင်ငံတော်အစိုးရအပေါ်အတိုက်အခံပြုရန် အားပေးအားမြှောက်ပြုလုပ်နေသည့်အသွင်တွေ့ရပြီး ပြည်တွင်းမငြိမ်သက်မှုဖြစ်ပေါ်စေရန်နှင့် နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေရန် အားပေးလှုံ့ဆော်ရာ ရောက်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် “တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး” နှင့် “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး” အတွက် ဦးစားပေးဆောင်ရွက်နေချိန်တွင် အဆိုပါလုပ်ရပ်သည် နိုင်ငံတော်တည်ငြိမ်ရေးကို မလိုလားသည့် အပြုအမူဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ဝေဖန်နေခြင်းဖြစ်သဖြင့် လုံးဝလက်မခံနိုင်ဖွယ်ဖြစ်ကြောင်း၊ ယင်းလုပ်ရပ်ကို ပြည်သူများကလည်း လုံးဝနှစ်မြို့ခြင်းမရှိဘဲ ဆိုရှယ်မီဒီယာတွင် သံရုံးယာယီတာဝန်ခံအား ဝေဖန်ပြောကြားနေကြပြီဖြစ်ကြောင်း၊ ၁၉၆၁ ခုနှစ်၊ သံတမန်ဆက်ဆံရေးဆိုင်ရာဗီယင်နာကွန်ဗင်းရှင်းအပိုဒ် ၄၁(၁) အရစေလွှတ်သည့်နိုင်ငံ၏သံတမန်များသည် လက်ခံသည့်နိုင်ငံ၏ တရားဥပဒေများနှင့်စည်းမျဉ်းဥပဒေများကို လေးစားရန်နှင့် ထိုနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ရှိကြောင်း၊ သံရုံးယာယီတာဝန်ခံအနေဖြင့် ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် သဘောထားကာ လက်ရှိအစိုးရနှင့်လက်တွဲဆောင်ရွက်လိုခြင်းမရှိ၍ မြန်မာနိုင်ငံ၌ ဆက်လက်တာဝန်ထမ်းဆောင်ခြင်းမပြုလိုပါကလည်း မိမိတို့အနေဖြင့် တားမြစ်မည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံသည် ဂျာမနီနိုင်ငံနှင့်ဆက်ဆံရေးကိုအလေးထားသော်လည်း အပြန်အလှန်လေးစားမှုအချုပ်အခြာအာဏာညီမျှမှုနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမပြုရေးတို့သည် သံတမန်ဆက်ဆံရေး၏မရှိမဖြစ်လိုအပ်သော အခြေခံမူများဖြစ်ပြီး အတိအကျလိုက်နာစောင့်ထိန်းကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ဂျာမနီသံရုံးယာယီတာဝန်ခံ၏ လုပ်ရပ်သည် သံတမန်ရာထူးနှင့် အညီ ထိန်းသိမ်းစောင့်စည်းမှုနှင့် သတိပြုဆင်ခြင်မှုတို့ကိုလိုက်နာမှု မရှိဟုမှတ်ယူကြောင်းနှင့် ယင်းကို ကန့်ကွက်ရှုတ်ချကြောင်း၊ သံရုံးယာယီတာဝန်ခံ၏ပြောကြားချက်၊ ပြောကြားသည့်နေရာကိုရွေးချယ်မှုနှင့် ဆိုရှယ်မီဒီယာမှတစ်ဆင့် အများပြည်သူသို့ဖြန့်ဝေမှုတို့သည် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန၏ခွင့်ပြုချက် သို့မဟုတ် ၎င်း၏ကိုယ်ပိုင်သဘောဆန္ဒဖြင့် ဆောင်ရွက်သည်ဆိုသည်ကို တရားဝင်ဖြေရှင်းချက်ပေးရန် တောင်းဆိုကြောင်း၊ အလားတူလုပ်ရပ်မျိုးထပ်မံလုပ်ဆောင်ခြင်းမပြုရန် ပြင်းထန်စွာ သတိပေးကြောင်းနှင့် လုပ်ဆောင်မည်ဆိုပါက အိမ်ရှင်နိုင်ငံအနေဖြင့်အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သံတမန်ရေးရာအစဉ်အလာများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြဝတီ

အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများကြောင့် နွေကာလ ပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ကူးစက်ရောဂါများပိုမိုဖြစ်ပွားနိုင်။

▼ M League 2026 U–20 မှ

ရတနာပုံအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆင့်(၅)နေရာမှ ရှမ်းယူနိုက်တက်အသင်းနှင့် အဆင့်(၄)နေရာမှ ရတနာပုံအသင်းတို့သည်အမှတ်ပေးဇယားအထက်အောက်ရပ်တည်နေသည့် အသင်းများဖြစ်သည်နှင့်အညီ ပထမအကျော့တွေ့ဆုံစဉ်ကလည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျထားပြီးယနေ့နိုင်ပွဲရရှိရေးပွဲစကတည်းက အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြ၍ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ပထမပိုင်းတွင် နှစ်ဖက်အပြန်အလှန် တိုက်စစ်ဆင်ကစားခဲ့ကြသည်။ ရတနာပုံအသင်း အချိတ်အဆက်မိမိ ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း ဂိုးရလိုသည့်ဆန္ဒစောမှုများကြောင့် ဘောလုံးအပျက်များခဲ့သလို ရှမ်းယူနိုက်တက်အသင်း နောက်တန်းနှင့် ဂိုးသမားဇင်လင်းထက်တို့၏ ကာကွယ်ဟန့်တားနိုင်မှုများကြောင့်လည်း ဦးဆောင်ဂိုးနှင့် ဝေးခဲ့ရသည်။ ဘယ်ညာထောင့်ကန်ဘောများ မကြာခဏာကန်ခွင့်ရသော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။ ရှမ်းယူနိုက်တက်အသင်း၏တိုက်စစ်သည်လည်း ပြိုင်ဘက်ဂိုးဇရိယာအတွင်းထိုးဖောက်ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုများကြောင့် ဂိုးမရရှိခဲ့ဘဲ ဂိုးမရှိသရေဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင်ရတနာပုံအသင်း တိုက်စစ်မြှင့်ကစားလာပြီး ဘောလုံးပိုင်ဆိုင်မှုယူကာ ပွဲကိုသိသိသာသာထိန်းချုပ်ကစားလာသည်။ နှစ်ဖက်ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၄၈ မိနစ်တွင် ရဲရင့်အောင်၏ အလိုက်သင့်ချပေးမှုကနေ စိုးမောင်မောင်ကကန်သွင်းရာ ရှမ်းယူနိုက်တက်အသင်း ဂိုးသမား ဇင်လင်းထက် ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သော်လည်း သာထက်နောင်က ထပ်ဆင့်ပိတ်သွင်းပြီး ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးကိုရယူသွားသည်။

ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီး နောက်ပိုင်း ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရှိရန် တွန်းတွန်းတိုက်တိုက်ကစားလာသည်။ ဂိုးရရှိရေးနှစ်သင်းလုံးဖွင့်ကစားခဲ့ကြသည်။ ဂိုးရရှိနိုင် လောက်သည့် အခွင့်အရေးကောင်းများပိုင်ဆိုင်ခဲ့ကြသော်လည်း အဆုံးသတ်မသေချာမှုများကြောင့် ဂိုးရနောက်ကျခဲ့သော်လည်း ပွဲကစားချိန် ၉၀+၅ မိနစ်တွင် ရဲရင့်အောင်က ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်ရိုက်ကန်သွင်းပြီး ရတနာပုံအသင်းအတွက် ဒုတိယဂိုးရယူနိုင်ခဲ့ကာ ပွဲအပြီးတွင် ရတနာပုံအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ **ဝန်းရံခ**

⇨ ကျောဖုံးမှအဆက်

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများတက်ရောက်ကြည့်ရှုအားပေးပြီး ဝန်ကြီးဌာနပေါင်းစုဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပညာရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် နံနက် ၉ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို **“အခမဲ့”** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH DAILY EDITION

President U Min Aung Hlaing opens the ceremony to launch Space-Themed Painting, Cartoon and Poster Competitions for Basic Education Students and Space Technology Exhibitions

NAY PYI TAW November 10

The opening ceremony of the Space-Themed Painting, Cartoon and Poster Competitions for Basic Education Students and Space Technology Exhibitions was held at the Myanmar International Convention Centre-I (MICC-I) in Nay Pyi Taw this morning, with President of the Republic of the Union of Myanmar U Min Aung Hlaing attending and formally inaugurating the event.

Also present at the ceremony were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Commander-in-Chief of Defence Services General Ye Win Oo, Union Ministers, the Chief Executive Officer of the Myanmar Space Agency, the Chairman of the Nay Pyi Taw Council, the Chairman of the Space Science and Technology Development Commission, senior military officers from the Office of the Commander-in-Chief; deputy ministers, officials from the agency and the commission, teachers, student contestants, artistes, and other officials.

On his arrival at the MICC-I, the President was warmly welcomed by officials, bands, students and artistes.

The ceremony then commenced, and the President formally inaugurated the competition and the exhibition by pressing a button using digital technology.

Afterwards, the President and party explored the space technology exhibitions with keen interest, visiting the Space and AI Technology-Based Agricultural Systems Exhibition, the Weather and Environmental Monitoring System, Satellite Technology Applications, AI Question-and-Answer Section and AI-Powered Interactive Games at the Space and AI Technology Applications Exhibition, the Robotics Technology Exhibition, the Science, Technology, Engineering and Mathematics (STEM) Exhibition, the Astronomy and Space Science Exhibition, the Space Exploration Exhibition, and the Deep Space Exploration Research Exhibition. Officials conducted the President and party round the booths of the exhibition.



President U Min Aung Hlaing is warmly welcomed by officials, bands, students and artistes at MICC-I.



President U Min Aung Hlaing views participation of students at the Space-Themed Painting, Cartoon and Poster Competitions for Basic Education Students.

In responding to the clarifications, the President emphasized that, as the world was undergoing continuous development and change, it was essential to acquire a thorough understanding of the space technologies required by the country and make effective use of them. He stressed the need for continuous research and concerted efforts to apply space and artificial intelligence (AI) technologies in analysis and assessment to promote the development of agriculture and livestock breeding, the country's main economic sectors, and to obtain information on soil, water and crop conditions for timely planning and management. He also highlighted the importance of using space technology to collect data on the country's natural resources, including water resources, and making effective use of such information. Furthermore, he underscored the need to foster greater interest

SEE PAGE - 22



President U Min Aung Hlaing visits booths at the Space Technology Exhibitions.

FROM PAGE - 21

in space technology by organizing space-related exhibitions and competitions and continuously upgrading and enhancing space-related knowledge in line with the times to ensure that younger generations gain a better understanding of the subject. He also gave necessary guidance to officials.

The President and party observed the participation of students at the Basic Education Level Space-Themed Painting, Cartoon and Poster Competitions.

The President and party also viewed round the prize winning works of the previous painting, cartoon and poster contest.

The President and party posed for documentary photos.

After the ceremony, the President cordially greeted student youths.

The Space-Themed Painting, Cartoon and Poster Competitions for Basic Education Students are being organized under the supervision of the Nay Pyi Taw Council and the Myanmar Space Agency with the aim of encouraging future generations of young people to take an interest in space science and technology and to express their scientific ideas and imagination through art. The competitions will be held in three categories: the primary education level, under the theme "Dreams of Space," today; the middle school level, under the theme "Humanity and the Future of Space," on 11 November; and the high school level, under the theme "Exploring and Applying Space Technology," on 12 November. The prize-giving ceremony will take place on 13 November.



President U Min Aung Hlaing visits Space Technology Exhibitions.

Myawady

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) underway



Before demolition.

Ongoing systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Demolition with the use of machinery.

Ongoing systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Demolition with the use of machinery.

Ongoing systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Completion of demolition works.

Ongoing systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

NAY PYI TAW November 10

In cooperation with neighbouring and regional countries, the government has taken measures to completely wipe out online scams and gambling, which have posed a threat to the global socio-economic arena and national security, and to systematically and totally demolish illegal buildings in Shwe Kokko, where most of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, mechanical demolition a 5-storey illegal building and a 6-storey one among those used in online scams and gambling in Shwe Kokko (Part-II) and left for destruction completed up to 75 percent and 20 percent respectively today.

Out of 63 buildings used in online scams and gambling and left for destruction in Shwe Kokko (Part-II), the dismantling of 10 buildings including four for detonation and six for mechanical demolition has been completed and plans are underway to systematically demolish the remaining 53 buildings.

100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Ministry of Foreign Affairs summons Chargé d'Affaires of the German Embassy over his video statement released via social media

NAY PYI TAW November 10

Deputy Minister for Foreign Affairs U Ko Ko Kyaw summoned Mr. Mathias Licharz, Chargé d'Affaires of the German Embassy in Yangon to the Ministry of Foreign Affairs on 10 November 2026, warned against the video of the Chargé d'Affaires released via the Embassy's official social media on 8 November 2026 and handed over the aide-memoire.



Deputy Minister for Foreign Affairs U Ko Ko Kyaw summons Mr. Mathias Licharz, Chargé d'Affaires of the German Embassy in Yangon to the Ministry of Foreign Affairs, warns against the video of the Chargé d'Affaires released via the Embassy's official social media on 8 November 2026 and hands over the aide-memoire.

At the meeting, the Deputy Minister said that being Germany with well-established democracy in Europe, Myanmar had expected the Chargé d'Affaires to devote his efforts primarily to diplomatic duties, guided by a sense of professionalism. He also mentioned that the democratically elected Government was taking state responsibilities in Myanmar and the statement of the Chargé d'Affaires constituted a grave insult to the Head of State of the host country as well as over 13.13 million Myanmar voters who exercised their democratic rights and participated in the election. He added that the intentional conduct, including the choice of location for the video by the Chargé d'Affaires appeared to fuel opposition to the host country and its Government, thereby inciting internal unrest and undermining the credibility of the Government. He underscored that while the Government of Myanmar was making concerted efforts to achieve its two priority objectives of promoting peace and stability and advancing national development, such actions could be detrimental to national stability. In addition, he stressed that the video statement constituted a disrespectful interference in Myanmar's domestic jurisdiction and was therefore totally unacceptable.

Furthermore, the Deputy Minister stated that the conduct of Chargé d'Affaires also drew strong public criticism, expressing their disapproval of the Chargé d'Affaires' inappropriate behavior on social media. The Deputy Minister pointed out that the obligations of diplomatic agents under Article 41(1) of the Vienna Convention on Diplomatic Relations of 1961, particularly the duty to respect the laws and regulations of the receiving State and not to interfere in its internal affairs. The Deputy Minister also stated that should the Chargé d'Affaires choose to recognize U Win Myint as President and wish to discontinue his service in Myanmar, the Ministry would have no objection to his decision. Moreover he highlighted that despite Myanmar attached importance to its relations with Germany, mutual respect, sovereign equality and non-interference were essential foundations of diplomatic relations and must be strictly observed. He informed that the behavior of the Chargé d'Affaires was incompatible with the standards of diplomatic discretion and restraint and therefore strongly objected it. The Deputy Minister also demanded a formal explanation on the conduct of the Chargé d'Affaires including whether the statement, the choice of location and its public dissemination were authorized or instructed by the German Federal Foreign Office or on his own initiative. Finally, the Deputy Minister strongly warned against recurrence of such act and informed him that any similar conduct would be treated with utmost seriousness and would take appropriate actions in accordance with international law and established diplomatic practice.

Myawady

Mingin Township prepares cultivation of more than 3,000 acres of vegetables in coming cold season

MINGIN November 10

The Township Agriculture Department in Mingin Township of Sagaing Region stated that local farmers will grow more than 3,000 acres of vegetables in the township in coming cold season.

During the 2026-2027 winter crop cultivation season, Mingin Township has set a target to grow 3,970 acres of vegetables, with cultivation scheduled to begin in October this year and continue through December.

"Farmers are being provided with technical assistance so that all vegetables can be grown in accordance with Good Agricultural Practices (GAP). We will also provide farmers with techniques to grow all vegetables in a health-conscious manner while minimizing chemical residues," said U Shan Oak Keim, Head of the Mingin Township Agriculture Department.

This year, the Mingin Township Agriculture Department will provide vegetable growers with technical training on GAP cultivation methods, as well as technical assistance to ensure that vegetables produced from their farms are safe and healthy for consumption. It will also take measures to encourage farmers to expand vegetable cultivation.

Vegetables of various kinds are grown seasonally in Mingin Township every year, and successful cultivation provides farmers with family income. The Township Agriculture Department will provide farmers who plan to grow vegetables with awareness training on proper cultivation methods, prevention of pest infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents.

SMK

Sagaing Township to cultivate more than 3,000 acres of lablab bean this year

SAGAING November 10

Local authorities earmarked cultivation of more than 3,000 acres of lablab bean as cold season crops this year in Sagaing Township of Sagaing Region, according to the Township Agriculture Department.

During the 2026-2027 winter crop cultivation season, Sagaing Township has planned to grow 3,530 acres of lablab beans. Cultivation will begin in October and continue through December this year, and preparations are currently underway to ensure successful cultivation.

"This year, Sagaing Township has planned to grow more than 3,000 acres of lablab beans during the upcoming winter crop cultivation season. In cooperation with farmers, we will provide the necessary quality and pure seed varieties, agricultural inputs and post-harvest technologies to improve crop yields and quality," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

The Sagaing Township Agriculture Department will carry out awareness-raising activities for lablab bean growers to encourage the expansion of cultivation acreage, improve yields, adopt GAP-based cultivation methods, use quality and pure seed varieties, and grow high-yielding varieties.

Crops cultivated in accordance with GAP standards have better quality and can command higher prices than those grown using other cultivation methods. Their quality is also sufficient for distribution not only in domestic markets but also for export to international markets. Therefore, farmers adopting GAP-based cultivation methods can gain greater economic benefits.

SK

Taze Township earmarks cultivation of more than 3,000 acres of butter bean

TAZE November 10

Local authorities earmarked cultivation of more than 3,000 acres of butter bean in Taze Township of Sagaing Region this year, according to the Township Agriculture Department.

During the 2026-2027 winter crop season, Taze Township has planned to cultivate a total of 3,993 acres of butter bean. Planting will be carried out from October to December this year.

"This year, more than 3,000 acres of butter bean have been planned for cultivation during the coming winter crop season in Taze Township. We will provide the necessary support to ensure that the targeted acreage is fully planted. Butter bean is cultivated only during the winter season, and its cultivation has been successful. As butter bean fetches a good market price, farmers rely on it as a profitable crop," said U Ohn Kyaw Myint, Head of the Taze Township Agriculture Department.

During this year's rainy season crop cultivation period in Taze Township, local farmers have been growing butter bean as a sole crop, while some farmers have been cultivating it as an intercrop to earn additional income.

This year, the Township Agriculture Department is providing support and assistance to farmers cultivating various types of pulses to increase crop yields, promote the use of quality and pure seeds, and provide necessary agricultural technologies. It will also provide farmers with knowledge on preparing and using natural pesticides to prevent pest and disease infestations, as well as on timely harvesting and other relevant agricultural practices.

SMK

Plan underway to grow more than 4,000 acres of groundnut in Mawlaik Township

MAWLAIK November 10

Statistics of Agriculture Department in Mawlaik Township stated that local farmers will grow more than 4,000 acres of groundnut in the township this year.

During the 2026-2027 winter crop season, Mawlaik Township has planned to cultivate 4,125 acres of groundnut. Planting will be carried out from October to December this year.

"This year, more than 4,000 acres of groundnut have been planned for cultivation during the coming winter crop season in Mawlaik Township. We will provide the necessary support to ensure that the targeted acreage is fully planted. Groundnut cultivation has been thriving successfully. As an oilseed crop, groundnut is performing well, and its cultivation has been increasing year by year," said U Kyaw Sein Oo, Head of the Mawlaik Township Agriculture Department.

In Mawlaik Township, one and a half baskets of groundnut seed are required per acre. Including the cost of seeds, labour, fertilizers and pesticides, the cultivation cost is more than Ks-200,000 per acre. More than 50 baskets of groundnuts can be harvested from an acre.

This year, staff from the Township Agriculture Department will conduct field inspections of groundnut plantations to ensure successful growth, prevent pest and disease infestations and keep the fields free of weeds. They will also carry out field surveillance and maintain monitoring records.

SK



Ngaputaw Township supplies large quantities of Ribbonfish to Yangon market



NGAPUTAW November 10

Local businesspersons from Ngaputaw Township sold a large quantities of dried Ribbonfish to Yangon market said Daw Aye Moe, the owner of seafood trading in Ngaputaw Township of Ayeyawady Region.

Dried ribbonfish shipments from Ngaputaw Township to the Yangon market increased to 47,000 viss , according to reports.

"We systematically produce dried ribbonfish caught from the sea in our area and mainly ship it to the Yangon market. We sold up to 47,000 viss during the past month. We have been shipping and selling the dried fish because demand from the Yangon market has been strong. The dried fish currently being traded was produced from marine fish caught since the summer. Dried marine fish is in high demand because it is widely consumed domestically. Sweetened dried fish products are also included," said Daw Aye Moe, an entrepreneur operating a trading depot for fermented fish paste, fish sauce and various dried fish products in Ngaputaw Township.

In Ngaputaw Township, fishery-product traders produce fermented fish paste and dried fish and ship various dried fish products, including locally produced dried fish, to the Yangon market. Dried ribbonfish is currently priced at Ks-24,000 to Ks-27,000 per viss.

SMK

Salingyi Township to plant more than 5,000 acres of vegetables in coming cold season

SALINGYI November 10

In Sagaing Region's Yinmabin District, Salingyi Township, more than 5,000 acres of vegetables will be cultivated during the coming winter crop season, according to statistics from the Salingyi Township Agriculture Department.

During the 2026-2027 winter crop season, Salingyi Township has planned to cultivate 5,790 acres of vegetables, with planting scheduled to take place from October to December this year.

"This year, more than 5,000 acres of vegetables have been planned for cultivation during the coming winter crop season in Salingyi Township. The crops include mustard, chilli, spices, potato, cabbage, eggplant and cauliflower. We are providing farmers with technical assistance to enable them to grow all vegetables in accordance with Good Agricultural Practices (GAP). We will also provide technical guidance to ensure that all vegetables are cultivated in a health-conscious manner with minimum chemical residues," said U Wai Lin Tun, Head of the Salingyi Township Agriculture Department.

This year, the Township Agriculture Department will provide vegetable growers in Salingyi Township with technical training on cultivation in accordance with GAP, as well as guidance on producing healthy and safe vegetables from their farms. Measures will also be taken to encourage farmers to expand vegetable cultivation.

Various vegetables are cultivated seasonally every year in Salingyi Township. The crops have been growing successfully and providing income for families. The Township Agriculture Department will provide farmers who plan to grow vegetables with awareness and technical guidance on proper cultivation methods, prevention of pest infestations, and the preparation and use of natural fertilizers, natural pesticides and pest repellents.

SK

(၃၅)ကြိမ်မြောက် အရွှေ့မြောက်မုတ်သုံဖိုရမ် အခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ဦးစီးဌာန (၃၅)ကြိမ်မြောက် အရှေ့မြောက်မုတ်သုံဖိုရမ်ကို ယနေ့ နံနက်ပိုင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာန (Multi-Hazard Early Warning Center) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

(၃၅)ကြိမ်မြောက်အရှေ့မြောက်မုတ်သုံဖိုရမ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီကာလ (အနောက်တောင်မုတ်သုံရာသီကာလ) မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် စိုက်ပျိုးရေးမိုးလေဝသအခြေအနေ သုံးသပ်တင်ပြခြင်း၊ လာမည့်ဆောင်းရာသီကာလ (၂၀၂၆ခုနှစ်နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ်ဖေဖော်ဝါရီလအထိ) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာခန့်မှန်းချက်များတင်ပြဆွေးနွေးခြင်း၊ ၂၀၂၆–၂၀၂၇ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေနှင့်ကဏ္ဍအလိုက် သက်ရောက်နိုင်မှုများအကြောင်း ဆွေးနွေးတင်ပြခြင်း၊ အယ်လ်နီညို၏သက်ရောက်မှုကြောင့် ရေနည်းကာလများတွင် ဖြစ်ပေါ်လာနိုင်သည့် မြစ်ရေအခြေအနေများကို သုံးသပ်တင်ပြဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် မန္တလေးငလျင်ကြီး၏နောက်ဆက်တွဲဖြစ်ပေါ်ခဲ့မှုများအား နှိုင်းလင်းတင်ပြခြင်း၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှပြီးခဲ့သည့်မိုးရာသီကာလအတွင်းကြုံတွေ့ခဲ့ရသည့်ရာသီဥတု၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာအတွေ့အကြုံ၊ သင်ခန်းစာများကို ဆွေးနွေးခြင်းနှင့်လာမည့် ၂၀၂၆–၂၀၂၇ ခုနှစ် ဆောင်းရာသီကာလအတွက် ခန့်မှန်းချက်များနှင့် အယ်လ်နီညို ဖြစ်စဉ်၏ အကျိုးသက်ရောက်နိုင်မှုအခြေအနေများကို အသုံးပြု၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်မှုအခြေအနေများအား တင်ပြဆွေးနွေးခြင်းနှင့်ဖြည့်စွက် အကြံပြုဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဆောင်ရွက်နေသောဌာနများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် သက်ဆိုင်သောဌာနများ၊ ရေနှင့်ပတ်သက်၍ ဆောင်ရွက်နေသောဌာနများ၊ အခြားဆက်စပ်ဌာနများမှ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

ကလိကျေးရွာ၌ အယ်လ်နီညိုရာသီဥတု သောက်သုံးရေပြတ်လပ်မှုမရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေး

ပဲခူး နိုဝင်ဘာ ၁၀

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပဲခူးမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတု သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကလိကျေးရွာရှိသောက်သုံးရေကန်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီးကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(နည်း) ဦးသန့်ဇင်မျိုးသည် မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ရှိသူများနှင့်အတူ ကလိကျေးရွာ၏ လက်ရှိရေသုံးစွဲမှုအခြေအနေများကို စစ်ဆေးမှုများပြုလုပ်ခဲ့ကြပြီး ကလိကျေးရွာမှ ရပ်မိရပ်ဖများနှင့် ပြည်သူများအား အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှုများ မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကို အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲကြရန်၊ အယ်လ်နီညို အပူဒဏ်ကာကွယ်ရေး လိုက်နာရန် အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကိုရှင်းလင်းပြောကြားပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိကျေးရွာများ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများသန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥသာတိုင်းသား

QR Shop Marketplace နှင့် Barcode စနစ် အသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၀

လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများကို Labeling Law နှင့်အညီ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနိုင်ရေး၊ Shopping Center များတွင် QR Shop Marketplace နှင့် Barcode စနစ်အသုံးပြုပြီး တင်ပို့ရောင်းချနိုင်ရေးအတွက် "QR Shop Marketplace နှင့် Barcode စနစ် အသုံးပြုနိုင်ရေးအသိပညာပေးဆွေးနွေးပွဲ"ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိ Incubation Center ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသိန်းတိုးက တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ထားသူ ယနေ့ထိ ၂၃၄၅၁ ဦးရှိပြီး နေပြည်တော်အနေဖြင့် ၁၃၆၆ ဦးရှိကြောင်း၊ လုပ်ငန်းရှင်များထုတ်လုပ်သည့်ထုတ်ကုန်ပစ္စည်းများစျေးကွက်ရရှိရေးကိုလည်း ဌာနကဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စျေးကွက်ရရှိအောင် ဆောင်ရွက်ပေးရာတွင် ထုတ်ကုန်ပစ္စည်းများ Labeling နှင့်အညီဖြစ်ရန် အထူးအရေးကြီးကြောင်း၊ စျေးကွက်ချဲ့ထွင်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် QR Shop Marketplace နှင့် Barcode စနစ်အသုံးပြုခြင်းသည် ယနေ့ Digital စီးပွားရေးစနစ်တွင်လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ ကုန်အညွှန်းအမှတ်အသား စည်းမျဉ်းနှင့်အညီ၊ ထုတ်ကုန်ပစ္စည်းများကိုထုတ်လုပ်မည်ဆိုပါက သုံးစွဲသူများ၏ ယုံကြည်မှုကိုပိုမိုရရှိပြီး ယနေ့ခေတ် လူအများစျေးဝယ်နေကြသည့် Super Markets နှင့် Online Marketplace များတွင် တရားဝင်တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ၏ ရောင်းအားပိုမိုမြင့်တင်နိုင်ပြီး ခိုင်မာသည့် စျေးကွက်တစ်ခုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှကုန်အညွှန်းအမှတ်အသားဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ B SMART Myanmar ကုမ္ပဏီမှ တာဝန်ရှိသူက QR Shop Marketplace နှင့် Barcode စနစ်အကြောင်း ရှင်းလင်းပြောကြားခြင်းနှင့် MSME အသင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

၁၀-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	တာချိုလိတ်	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၅၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၁၅	၄၉၈၀	၅၀၁၀	၄၆၃၅	၄၇၉၀	၄၇၂၅	၄၆၈၅	၄၆၉၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၁၅	၄၇၅၀	၄၇၀၅	၄၇၁၅	၄၉၅၅
HSD (500 ppm)	၄၅၅၅	၄၇၀၅	၄၆၅၅	၄၅၅၀	၄၇၁၀	၄၇၂၀	၄၇၅၅	၄၆၄၀	-	၅၀၂၀	၄၆၅၅	၅၂၂၀	၄၇၄၅	၄၇၀၅	၄၇၁၅	၄၉၃၅
HSD (50 ppm)	၅၁၂၀	၅၆၇၅	၅၆၂၅	၅၁၃၅	၅၆၈၀	၅၆၉၁	၅၇၂၅	၅၆၀၅	၅၉၇၅	၆၀၀၅	၅၆၂၅	၅၈၃၀	၅၇၀၅	၅၆၇၅	၅၆၈၅	၅၉၁၅
HSD (10 ppm)	၅၁၂၀	၅၆၇၅	၅၆၂၅	၅၁၃၅	၅၆၈၀	၅၆၉၁	၅၇၂၅	၅၆၀၅		၆၀၀၅	၅၆၂၅	၅၈၃၀	၅၇၀၅	၅၆၇၅	၅၆၈၅	၅၉၁၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါကကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

ဝဖဂ-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
ဝဖဂ-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသုံလျှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ကောင်းမွန်စေရေးအတွက် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ကောင်းမွန်စေရေးနှင့်အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်စေရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် ဖြူးမြို့နယ် အားကစားကွင်း/အားကစားရုံများကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဖြူးမြို့နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်မင်းနိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ် အားကစားကွင်း အုတ်တံတိုင်းကာရံခြင်း၊ ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားနိုင်ရေးအတွက် လာမည့် ဘဏ္ဍာရေးနှစ်များအလိုက် ထည့်သွင်းလျာထားဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ဝန်ထမ်းများသက်သာချောင်ချိစေရေး အထောက်အကူဖြစ်စေရန်အတွက် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ တောင်ငူခရိုင် အားကစားကွင်းသို့သွားရောက်ပြီး အားကစားကွင်းနှင့်အားကစားခန်းမတို့ကိုလည်းကောင်း၊ ရေတာရှည်မြို့နယ် အားကစားကွင်းသို့သွားရောက်၍ အားကစားကွင်း/အားကစားရုံများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး အားကစားကွင်းအတွင်း ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်တွင် သုခငပလီအသင်းနှင့် တက်နေဝန်းအသင်းတို့၏အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရေတာရှည်၊ တောင်ငူနှင့် ဖြူးမြို့နယ်တို့မှ လွတ်တော်ကိုယ်စားလှယ်များ၊ ရေတာရှည်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများနှင့် အားကစားဆပ်ကော်မတီဝင်တို့နှင့်တွေ့ဆုံ၍ မြို့နယ်အားကစားအဆင့်အတန်း ပို့မိုတိုးတက်မြင့်မားလာစေရေး၊ ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုများနှင့် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရန်အတွက် အားကစားကွင်း/အားကစားရုံများ သန့်ရှင်းသာယာလှပပြီး ပြည်သူများ အားကစားကို ပို့မိုစိတ်ပါဝင်စားလာစေရေး၊ Mass Sports မှ Excellent Sports အဆင့် ထိရောက်ရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားကာ ကျောင်းသား၊ ကျောင်းသူများ အားကစားကို ပို့မိုစိတ်ပါဝင်စားလာစေရန်အတွက် ရေတာရှည်မြို့နယ် ပညာရေးမှူး ဒေါ်ရွှေဝါဇင်ထံသို့ အားကစားပစ္စည်းများကို လည်းကောင်း၊ မြို့မိမြို့ဖများထံသို့ ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဝန်ထမ်းများ သက်သာချောင်ချိစေရေး အထောက်အကူဖြစ်စေရန် ရေတာရှည်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေလှောင်တမံများ၏ဘေးကင်းလုံခြုံရေး ကြပ်မတ်ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေလှောင်တမံနှင့်ဆက်စပ်ရေအားအဆောက်အအုံများ ပုံမှန်ထိန်းသိမ်းစစ်ဆေးဆောင်ရွက်ထားရှိမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပေါင်းလောင်းရေပို့လွှဲအောက်ပိုင်းအထွက် လက်ဝဲဘက်ခြမ်း မူလကျောက်သားကုန်း ရေတိုက်စားမှုဒဏ်ခံနိုင်ရေး ပြုပြင်ဆောင်ရွက်မည့်အခြေအနေ၊ ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်အား ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်မည့် လုပ်ငန်းများ၊ အထက်ပေါင်းလောင်းတမံနှင့် အောက်ပေါင်းလောင်းတမံတို့၏ ရေသိုလှောင်ထားရှိမှုနှင့် ဝင်ရေ၊ ထွက်ရေ ချိန်ညှိဆောင်ရွက်နေမှုတို့ကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် အချိန်တိုအတွင်း ရုတ်တရက်မိုးကြိုးရေလျှံမှုများ ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်အတိုင်း ဆောင်ရွက်သွားကြရန်၊ တမံအောက်ပိုင်းရှိ ရေစိမ့်မှုအခြေအနေအား ဗွီနော့ (V-notch) ဖြင့် တိုင်းတာခြင်း (Leakage Measurement)၊ သိုလှောင်ရေနှင့် မြေအောက်ရေဆက်စပ်မှုအခြေအနေအား တိုင်းတာခြင်း (Observation Well Measurement)၊ တမံရွှေ့လျားမှု/နိမ့်ကျမှု/ ပြောင်းလဲမှုအခြေအနေများအား တိုင်းတာခြင်း (Deformation Measurement) စသည့် Dam Monitoring စောင့်ကြည့်တိုင်းတာစစ်ဆေးမှုများအား ပုံမှန်ဆောင်ရွက်ကြရန်၊ တမံအတွင်း စီးဝင်ရေကို အလေးဂရုပြုစောင့်ကြည့်၍ HED ရေတံခါးများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ချိန်ညှိဆောင်ရွက်ရန်၊ HED ရေတံခါးနှင့် ဆက်စပ်ပစ္စည်းများ ကြံ့ခိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို စစ်ဆေးရန်၊ တမံကြံ့ခိုင်ရေးနှင့် လုံခြုံရေးတို့ကို စဉ်ဆက်မပြတ် သတိပြုစောင့်ကြည့်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယမန်နေ့ကလည်း ဥတ္တရသီရိမြို့နယ် ကျွဲရင်းကျေးရွာအနီးရှိ ငလိုက်ရေလှောင်တမံကြံ့ခိုင်မှု၊ ပင်မရေပို့လွှဲမှ ရေကျော်စီးဆင်းခဲ့မှု၊ စိုက်ပျိုးရေပေးဝေရန်စီမံဆောင်ရွက်ထားရှိမှု၊ တမံတည်ဆောက်စဉ်က ထည့်သွင်းထားရှိသည့်ရေစစ်ဆဲလွှာနှင့် ရေစစ်ကျောက်ရိုးများမှ ရေစိမ့်ထွက်မှုအား စောင့်ကြည့်တိုင်းတာရန် တပ်ဆင်ထားသည့် ဗွီနော့ (V-notch) အား ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဖောင်းလောင်ရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေနှင့် တမံကိုယ်ထည်အတွင်း ရေစိမ့်ဝင်မှု တိုင်းတာစစ်ဆေးနိုင်သည့်တွင်း (ပီဇိုမီတာဝဲ- Piezometer Well)များ၊ ဗွီနော့ (V-notch)များ တိုင်းတာစစ်ဆေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများအားလုံးကြံ့ခိုင်မှုရှိစေရေးနှင့် နေ့စဉ်မျက်မြင်စစ်ဆေးခြင်း (Dam Surveillance) လုပ်ငန်းများကို တိကျစွာ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

၂၀၂၆ ခုနှစ် ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနားကျင်းပ

ပဲခူး နိုဝင်ဘာ ၁၀

ပဲခူးမြို့ သီရိဟံသာခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနား ကျင်းပသည်။

၂၀၂၆ ခုနှစ် ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်း အထိမ်းအမှတ်သီချင်း ပြသရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီးဒေါက်တာထူးခြားအောင်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ခုတင်-၅၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်နှင့်အခမ်းအနားတက် ရောက် လာကြသူများက ကြည့်ရှုကြသည်။

ယင်းနောက်လူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်၊ ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းနှင့် ပဲခူးမြို့ ခုတင် - ၅၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့က ကလေးငယ်များအား ကာကွယ်ဆေးများ တိုက်ကျွေးပေးပြီး လက်ဆောင်ယစ္စည်းများပေးအပ်ကာ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (၄၁၀)



မိခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က (ကျောင်း၀)Grade-9 မှ မဝင်းသီရိထွန်း၏မိခင် အမည်မှန်မှာ ဒေါ်အေးမူ (၉/လဝန(နိုင်)၂၂၂၂၄၄ ဖြစ်ပါကြောင်း။

ဒေါ်အေးမူ

အမည်ပြောင်း

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မောင်ရဲရဲအား မောင်ရဲကိုကို ဟုပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲကိုကို

ပျောက်ဆုံးကြောင်း

မဝိုင်းဝိုင်း(ဘ)ဦးမိုးညို ၈/နမန(နိုင်) ၂၄၈၃၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၉၂၂၀၀၅၁

ပျောက်ဆုံးကြောင်း

တင်မောင်စိုး(ဘ)ဦးညီချေ ၁၁/ကဖန(နိုင်) ၁၃၀၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၁၇၇

ပျောက်ဆုံးကြောင်း

အိရှု(ခ)ခင်လေးမြင့်(ဘ)တန်ယုဆိုင် ၁၂/ပဇတ(ဇည်)၀၀၀၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 103732)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၁၇၇

ပျောက်ဆုံးကြောင်း

နေမျိုးလွင်(ဘ)ဦးဂျလီလီ ၇/သဝတ(နိုင်) ၀၉၇၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၀၁၁၇၇၂

ပျောက်ဆုံးကြောင်း

အီမာနအဲလ်(ဘ)ဦးထောင်ယုန်း ၅/ခပန(နိုင်)၀၁၃၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၆၂၃၉၃၅

ပျောက်ဆုံးကြောင်း

ခင်ခင်စု(ဘ)ဦးဘတီ ၁၂/ထတပ(နိုင်) ၀၂၅၅၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၆၂

ပျောက်ဆုံးကြောင်း

အောင်စိုးနိုင်(ဘ)ဦးအောင်သိန်းဦး ၁၁/ကတန(နိုင်)၀၆၆၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၆၂

ပျောက်ဆုံးကြောင်း

မောင်ဝင်းဌေး(ဘ)ဦးဝင်းမြင့် ၁၂/ဒလန(နိုင်) ၀၃၈၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

ဒေါ်အေးချို(ဘ)ဦးသိန်းလွင် ၉/မထလ(နိုင်) ၂၄၃၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MA 290749)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၅၃၂၂၇

စာပေမြင့်မှ လူမျိုးတင့်မည်

(၇၇)ကြိမ်မြောက် အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇၇)ကြိမ်မြောက်အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးနည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး (77th Meeting of the Working Group on Technical Matters for the ASEAN Single Window – ASW-TWG) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးနည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ လာအို၊ အရှေ့တီမောနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမိုးကျော်အေးနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ Dr. Ramlah Binti Mukhtar တို့က အဖွင့်အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အာဆီယံဒေသတွင်းကုန်သွယ်မှုလွယ်ကူချောမွေ့စေရန် အာဆီယံပြတင်းတစ်ပေါက်စနစ်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ATIGA e-Form D၊ ASEAN Customs Declaration Document နှင့် e-Phyto document လဲလှယ်မှုအခြေအနေများ၊ စနစ်၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပညာရပ်ဆိုင်ရာအခက်အခဲများ၊ မျိုးဆက်သစ် ASEAN Single Window 2.0 အဆင့်မြှင့်တင်အကောင်အထည်ဖော်ရန်ကိစ္စရပ်များ၊ အာဆီယံပြင်ပမိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်လဲလှယ်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး အစည်းအဝေးကို နိဝင်ဘာလ ၁၃ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



မြဝတီ

ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ ရာပြည့်အထိမ်းအမှတ် UM 1 Centennial Commemorative In-house Scrabble Tournament ပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ ရာပြည့်အထိမ်းအမှတ် UM 1 Centennial Commemorative In-house Scrabble Tournament ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ Medical Skill, Simulation & Research Center (MSSRC)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန် ဒုတိယပါမောက္ခချုပ်(သင်ကြား) ပါမောက္ခ ဒေါက်တာဇော်ဇော်လတ်က အဖွင့်အမှာစကားပြောကြားပြီး Scrabble ဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန္ဒာရှိန်က ပြိုင်ပွဲကျင်းပခြင်း၏ရည်ရွယ်ချက်နှင့် ကြိုတင်ပြင်ဆင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်ကစားသမား ၂၄ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ပတ်လည်ပြိုင်ပွဲအနေဖြင့် ပထမအဆင့်တွင် နှစ်ယောက်တွဲယှဉ်ပြိုင်ကာ ဒုတိယအဆင့် ဆက်လက်ယှဉ်ပြိုင်၍ နောက်ဆုံးရရှိလာသည့်ရလဒ်ထဲမှ အမှတ်အများဆုံးကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ ချီးမြှင့်သည်။

၁၉၂၇ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် ဆေးတက္ကသိုလ်(၁)ရန်ကုန်သည် ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရာပြည့်သဘင်ပြည့်မြောက်မည်ဖြစ်ပြီး ရာပြည့်ပွဲတော်အကြိုလှုပ်ရှားမှုအနေဖြင့် ကြက်တောင်ရိုက်၊ ဘတ်စကက်ဘော၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ စကားလုံးပဟေဠိ၊ E-sport၊ ရေကူး၊ ဖူဆယ်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲနှင့် ပညာရပ်ဆိုင်ရာ ပျော်ရွှင်ဖွယ်ဉာဏ်စမ်းပြိုင်ပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။ ကျော်ကြီး

ကချင်ပြည်နယ်အတွင်း ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း (၂၀၂၆ ခုနှစ်) စတင်ဆောင်ရွက်



မြစ်ကြီးနား နိုဝင်ဘာ ၁၀

ကချင်ပြည်နယ်အတွင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်း (၂၀၂၆ ခုနှစ်)စတင်ဆောင်ရွက်ခြင်းနှင့် အသိပေးဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်းက တိုက်တွန်းအမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ဝင်းက နိုင်ငံတစ်ဝန်း ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး Phase II ထိုးနှံသွားမည့်အစီအစဉ်တွင် ကချင်ပြည်နယ်အတွင်း ကာကွယ်ဆေးထိုးနှံဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို ရှင်းလင်းပြောကြားပြီး ဝက်သက်၊ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးကြစို့ အထိမ်းအမှတ် တေးသီချင်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက ကျန်းမာရေးဦးစီးဌာနမှ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့နန်းကွေ့ကျေးရွာအုပ်စု နောင်းပုံကျေးရွာအတွင်း အမှတ်(၂)မူးယစ်တပ်ဖွဲ့စုပိုင်မြေနေရာရှိ ငါးကန်များကို ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငှားရမ်း၍ ငါးသားပေါက်များ မွေးမြူဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဦးဇော်လတ်ပိုင်ဆိုင်သောငါးကန်များအတွင်း ငါးကြင်း၊ ငါးခုံးမ၊ မြက်စားငါးကြင်း၊ ငါးမုတ်စသည့်ငါးများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အဆိုပါကျေးရွာအတွင်းရှိပိုင်ရှင်ဦးတူးမြတ်၏ခြံအတွင်း ငါးကန် ၁၀ ကန်ဖြင့် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြကာ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်ထုတ်လုပ်မှု တိုးတက်လာစေရေး၊ ငါးမွေးလုပ်ငန်းရှင်များသို့ ဖြန့်ဖြူးပေးနိုင်ရေးနှင့် စနစ်ကျသော နည်းလမ်းများဖြင့် မွေးမြူနိုင်ရေး၊ အယ်လ်နီညိုဖြစ်ပေါ်မှုကြောင့် ငါးများဆုံးရှုံးမှုမရှိစေရေး၊ ငါးစာနှင့် ရေသိုလှောင်နိုင်ရေး စသည်တို့ကို ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

စားရေရိုက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ဟားခါး နိုဝင်ဘာ ၁၀

စားရေရိုက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆) ကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က စားရေရိုက္ခာဖူလုံရေးသည် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများကပါ အလေးထားသည့်ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ မြေပြင်တွင် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကိုသာ ဆွေးနွေးကြမည်ဖြစ်ပြီး ကိန်းဂဏန်းများမှန်ကန်ရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ ချင်းပြည်နယ် စားရေရိုက္ခာဖူလုံရေးအတွက်သက်ဆိုင်ရာဌာနများအနေဖြင့် ပြည်နယ်၏မြေမျက်နှာသွင်ပြင်အခြေအနေအရ ရာသီဥတု မိုးရေချိန်တို့အပေါ် မူတည်၍ မည်သည့်မျိုးစေ့များကို မည်သို့စိုက်ပျိုးသင့်သည်၊ မည်သည့်တိရစ္ဆာန်များကို မည်သို့မွေးမြူသင့်သည် စသည်ဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် မြေပြင်လုံခြုံရေးအခြေအနေများကိုလည်း ထည့်သွင်းစဉ်းစား၍ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်နိုင်မည့် လက်တွေ့ကျသည့် လုပ်ငန်းများ ဆွေးနွေးတင်ပြကြစေလိုကြောင်း အမှာစကားပြောကြားသည်။



ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးပေါင်ဇလန်းက ချင်းပြည်နယ်အတွင်း စားရေရိုက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေး ကော်မတီဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးပေါင်ဇလန်းက ချင်းပြည်နယ်အတွင်း စားရေရိုက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကြံပြုဖြည့်စွက် ဆွေးနွေးကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၆ ခုနှစ် နေရာအလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းထုတ်ပြန်

ဇူးရစ်ချ် နိုဝင်ဘာ ၁၀

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၆ ခုနှစ် နေရာအလိုက် တစ်နှစ်တာ အကောင်းဆုံးကစားသမား (FIFPRO WORLD 11) စာရင်းကို ထုတ်ပြန်ခဲ့ရာတွင် ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(Ballon d'Or)ဆွတ်ခူးနိုင်ခဲ့သည့် အင်္ဂလန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကစားသမား ဟယ်ရီကိန်း ပါဝင်လာခြင်း မရှိကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၆ ခုနှစ် နေရာအလိုက် တစ်နှစ်တာ အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းကို ၃-၃-၄ ပုံစံဖြင့် ရွေးချယ်ခြင်းဖြစ်ပြီး ဂိုးသမား နေရာ၌ စပိန်အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည့် ဆိုင်မွန်ကို ကျော်ဖြတ်ပြီး အာဆင်နယ်အသင်းမှ ဒေးဗစ်ရိုင်းယာ ပါဝင်လာသည်။

ခံစစ်ကစားသမားသုံးဦးနေရာ၌ ပေါ်တူဂီအသင်းနှင့် ပီအက်စ်ဂျီအသင်းမှ မန်ဒက်၊ စပိန်အသင်းနှင့် ဘာစီလိုနာအသင်းမှ ကျူဘာစီ၊ မော်ရိုကိုအသင်းနှင့် ပီအက်စ်ဂျီအသင်းမှ ဟာကီမီတို့ပါဝင်လာကြသည်။

အလားတူ ကွင်းလယ်ကစားသမားသုံးဦးနေရာ၌ အင်္ဂလန်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်၊ စပိန်အသင်းနှင့် ဘာစီလိုနာအသင်းမှ ရိုဒရီ၊ ပေါ်တူဂီအသင်းနှင့် ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာတို့ ပါဝင်လာကြသည်။

ပုံမှန်အားဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် နေရာအလိုက် တစ်နှစ်တာ အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် တိုက်စစ်နေရာအတွက် သုံးဦးသာရွေးချယ်ခဲ့သော်လည်း ယခုနှစ်တွင် လေးဦးအထိရွေးချယ်ခဲ့ပြီး နောဝေအသင်းနှင့် မန်စီးတီးအသင်းမှ ဟာလန်း၊



အာဂျင်တီးနားအသင်းနှင့် အင်တာမိုင်ယာမီအသင်းမှ မက်ဆီ၊ ပြင်သစ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းမှ အမ်ဘာတ်ပီနှင့် စပိန်အသင်းနှင့် ဘာစီလိုနာအသင်းမှ လမိုင်းယာမယ် တို့ပါဝင်လာပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုရှင် ဟယ်ရီကိန်းအနေဖြင့် ပါဝင်လာခြင်းမရှိကြောင်း သိရသည်။

Ref;Topskillsport UK

ခရစ္စတယ်ပဲလေ့စ်အသင်းက နည်းပြပီရဲရာကို ထုတ်ပယ်ပြီး နည်းပြအပြောင်းအလဲလုပ်ဆောင်ရန်စီစဉ်

လန်ဒန် နိုဝင်ဘာ ၁၀

ခရစ္စတယ်ပဲလေ့စ်အသင်းက ယခုဘောလုံးရာသီအစပိုင်းတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြပီရဲရာကို ရာထူးမှ ထုတ်ပယ်ပြီး နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အစောပိုင်းနှစ်များက နည်းပြ ဂလက်နာလက်အောက်တွင် ရလဒ်များကောင်းမွန်ခဲ့ကာ ယူရိုပါလိဂ် ဖလားကိုပင် ဆွတ်ခူးနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က နည်းပြဂလက်နာ အသင်းမှထွက်ခွာပြီးနောက် နည်းပြသစ်အဖြစ် ပီရဲရာက စတင်တာဝန်ယူခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုဘောလုံးရာသီ၌ နည်းပြပီရဲရာ လက်အောက်တွင် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် နှစ်ပွဲသာနိုင်ပွဲရရှိကာ ရမှတ်ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံး၌ ရပ်တည်နေသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် နောက်ဆုံးကစားသည့် လီဗာပူးအသင်းကို အိမ်ကွင်း၌ ၃ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်ပြီးနောက် လေးပွဲဆက်ရှုံးနိမ့်သောကြောင့် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြသစ်အဖြစ် ဘရန့်ဖို့ဒ်အသင်းနည်းပြ သောမက်ဖရန့်၊ အဲဗာတန်အသင်းနှင့် နော်တင်ဟမ်အသင်းနည်းပြဟောင်း ရှောင်ဒိုက်တို့က ရေပန်းစားလျက်ရှိကြောင်း သိရသည်။

Ref;Fabrizio Romano



World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘလိတ်ဘရောင်း ချန်ပီယံဆုဆွတ်ခူး

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၀

မက္ကဆီကိုနိုင်ငံ၌ကျင်းပသည့် PGA Tour အဆင့်ပြိုင်ပွဲတစ်ရပ်ဖြစ်သော World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်လူငယ် ဂေါက်သီးရိုက်ကစားသမား ဘလိတ်ဘရောင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ ဘလိတ်ဘရောင်းအနေဖြင့် အစောပိုင်းအကျော့များတွင် ဦးဆောင်နိုင်ခြင်းမရှိသော်လည်း နောက်ဆုံးအကျော့တွင် စုစုပေါင်းရိုက်ချက် ၆၃ ချက်၊ သတ်မှတ်ရိုက်ချက်ထက် ကိုးချက်အထိလျော့ရိုက်နိုင်ပြီးနောက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဘလိတ်ဘရောင်းက လေးကျော့ပေါင်းရလဒ် ၂၆၅ ချက်၊ သတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်အထိ လျော့ရိုက်နိုင်ခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘလိတ်ဘရောင်း၏နောက်တွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်သည့် ဘန်ဂျီမိန်းနှင့် မီချယ်ကင်တို့က သတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ဖြင့် ဒုတိယနေရာ၌ ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

လက်ရှိတွင် ဘလိတ်ဘရောင်းအနေဖြင့် အသက် ၁၉ နှစ်သာရှိသေးသည့်အတွက် PGA Tour အဆင့်ပြိုင်ပွဲတွင် အသက်အငယ်ဆုံးချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သူအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref;DP Tour

British ဖယ်သာဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်တွင် ဇက်မီလာက ဂူလီပိုဝါကို ဒိုင်မှတ်ဖြင့်ရှုံးနိမ့်ပြီး ချန်ပီယံခါးပတ်ကို လက်လွှတ်ခဲ့ရ

လန်ဒန် နိုဝင်ဘာ ၁၀

British ဖယ်သာဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်တွင် အင်္ဂလန်လက်ဝှေ့သမားများဖြစ်သည့် လက်ရှိချန်ပီယံ ဇက်မီလာနှင့် စိန်ခေါ်သူ ဂူလီပိုဝါတို့ ယှဉ်ပြိုင်ခဲ့ရာ ဇက်မီလာက ဒိုင်မှတ်ဖြင့် ရှုံးနိမ့်ပြီး ချန်ပီယံခါးပတ်ကို လက်လွှတ်ခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ အစောပိုင်းအချီများတွင် အပြန်အလှန်ယှဉ်ပြိုင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ကွာခြားမှုမရှိခဲ့သော်လည်း ခုနစ်ချီမြောက်တွင် ဇက်မီလာအနေဖြင့် ဂူလီပိုဝါနှင့် မတော်တဆခေါင်းချင်းတိုက်မိပြီး ဒဏ်ရာရရှိခဲ့သည်။

ဇက်မီလာအနေဖြင့် မတော်တဆခေါင်းထိမိခြင်းကြောင့် ဆေးဝါးကုသမှုခံယူပြီး ဆက်လက်ယှဉ်ပြိုင်ခဲ့သော်လည်း ကိုးချီမြောက်တွင် ဆေးစစ်မှုများထပ်မံလုပ်ဆောင်ရာ ဆေးအဖွဲ့က ဆက်လက်ယှဉ်ပြိုင်ရန် တားမြစ်သည့်အတွက် ဒိုင်လူကြီးများ၏ ရမှတ်အဆုံးအဖြတ်ခံယူခဲ့ရခြင်းဖြစ်သည်။

ဒိုင်လူကြီးများ၏ ရမှတ်အဆုံးအဖြတ်ခံယူရာတွင် ဒိုင်(၁)မှ (၉၆-၉၅) မှတ်၊ ဒိုင်(၂)မှ (၉၇-၉၅) မှတ်၊ ဒိုင်(၃)မှ (၉၆-၉၄) မှတ်ဖြင့် ဂူလီပိုဝါကို အနိုင်သတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် ဇက်မီလာအနေဖြင့် ချန်ပီယံခါးပတ်ကို လက်လွှတ်ခဲ့ရပြီး ဂူလီပိုဝါအနေဖြင့် British ဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ခွင့် ရရှိခဲ့သည်။

ဇက်မီလာအနေဖြင့် ချန်ပီယံဆုကို လက်မလွှတ်လိုသည့်အတွက် ဒဏ်ရာရရှိနေသော်လည်း ဆက်လက်ယှဉ်ပြိုင်ရန် တောင်းဆိုခဲ့ရာတွင် ဆေးအဖွဲ့က ဆက်လက်ယှဉ်ပြိုင်မည်ဆိုပါက ပိုမိုဆိုးရွားလာနိုင်သည့်အခြေအနေများကြောင့် ပွဲစဉ်ကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;World Boxing

ရာထူးမှနုတ်ထွက်ရန်အစီအစဉ်မရှိကြောင်း မန်ယူအသင်းနည်းပြကာရစ်ပြောကြား

မန်ချက်စတာ နိုဝင်ဘာ ၁၀

မန်ယူအသင်းနည်းပြ ကာရစ်က အက်စ်တွန်ဗီလာအသင်းနှင့် သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်အပြီးတွင် အသင်းနည်းပြရာထူးမှနုတ်ထွက်ရန် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။

နည်းပြကာရစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီဝက်က မန်ယူအသင်းကို ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ရာ အသင်းရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ထို့နောက် ဘောလုံးရာသီအကုန်တွင် နည်းပြကာရစ်အနေဖြင့် မန်ယူအသင်း နည်းပြအဖြစ် နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြကာရစ်က "အသင်းနည်းပြရာထူးကထွက်ခွာဖို့ အစီအစဉ်မရှိပါဘူး။ ကျွန်တော်တို့ အခုချိန်မှာ လုံလောက်တဲ့နိုင်ပွဲအရေအတွက် မရရှိသေးတာမှန်ပါတယ်။ ကျွန်တော်တို့ အားနည်းချက်တွေကိုပြင်ဆင်ပြီး လာမယ့်ပွဲစဉ်တွေမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားမှာပါ" ဟုပြောသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြကာရစ်လက်အောက်၌ ရလဒ်များ ဆက်တိုက်ဆိုးရွားနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ပွဲသာ အနိုင်ရရှိကာ ရမှတ်ရှစ်မှတ်ဖြင့် တန်းဆင်းဇုန်ဖြစ်သည့် အဆင့်(၁၈)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

ထို့အတူ ချန်ပီယံလိဂ်ပြိုင်ပွဲ၌ လေးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အဆင့်(၁၇)နေရာ၌ ရပ်တည်လျက်ရှိပြီး နိုင်ငံတကာပွဲစဉ်များအပြီးတွင် လီဗာပူးအသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref;Topskillsport UK

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ကြော်ငြာစာအမှတ်(၂/၂၀၂၆)
လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အောက်ဖော်ပြပါရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အဆိုပါရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်-

စဉ်	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(က)	အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	(၈)နေရာ	တက္ကသိုလ်ဝင်တန်း အောင်မြင်သူ
(ခ)	ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	(၂၆)နေရာ	တက္ကသိုလ်ဝင်တန်း အောင်မြင်သူ
(ဂ)	လုံခြုံရေး(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)	(၁)နေရာ	အခြေခံပညာ အလယ်တန်း အဆင့်ရှိသူ
(ဃ)	ယာဉ်မောင်း(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)	(၁)နေရာ	အခြေခံပညာ အလယ်တန်း အဆင့်ရှိသူ
(င)	လုပ်သား(ဥယျာဉ်) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	(၂)နေရာ	အခြေခံပညာ အလယ်တန်း အဆင့်ရှိသူ
(စ)	သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	(၁)နေရာ	အခြေခံပညာ အလယ်တန်း အဆင့်ရှိသူ
(ဆ)	ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	(၈)နေရာ	အခြေခံပညာ အထက်တန်း အဆင့်ရှိသူ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၁၂-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၇)နှစ်ထက် မကျော်လွန်ရ။

(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူပူးတွဲတင်ပြရမည်။

(ဃ) နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေမှုမရှိသော ဝန်ထမ်း(Disloyalty Civil Servant-DCS)များလျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာများကို ရုံးအမှတ်(၅၄)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ စီမံရေးရာဌာန၊ အခြားအဆင့်ဌာနစုဌ် ၁၁-၁၂-၂၀၂၆ ရက်နေ့နောက်ဆုံးထားပြီး ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူလျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက သတ်မှတ်အသက်ထက်(၃)နှစ်တိုးမြှင့်လက်ခံပေးမည်ဖြစ်ပါသည်။

၅။ အငယ်တန်းစာရေးနှင့် ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးအတွက် ရေးဖြေစာမေးပွဲကို ၂၃-၁၂-၂၀၂၆ ရက်နေ့ နံနက် ၉:၃၀ နာရီမှ ၁၁:၀၀ နာရီထိ ရုံးအမှတ်(၅၄)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်၌ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်(၃)ခု စစ်ဆေးမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ရုံးအမှတ် ၅၄၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ စီမံရေးရာဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၂၁၂၀၂၆၅ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

သစ်တောမှန်လျှင်
အသုံးဝင်
အစဉ်ထာဝရ
ထိန်းသိမ်းကြ

မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်း
အသိပေးအကြောင်းကြားခြင်း

HIGH AIMS SCAFFOLD COMPANY LIMITED ၏ မတည်ရင်းနှီးငွေအား လျှော့ချမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အကြောင်းကြားစာပေးပို့ရန်နှင့် ရှယ်ယာရှင်များအစည်းအဝေးကျင်းပရန်အတွက် မှတ်ပုံတင်အရာရှိထံ တင်ပြထားကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
HIGH AIMS SCAFFOLD COMPANY LIMITED

ပျောက်ဆုံးကြောင်း

မြိုင်သွယ်သွယ်ဇင်(ဘ)ဦးကျော်ထွေးမြိုင် ၁၂/မဂတ(နိုင်)၁၀၃၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

ပိုင်ပိုင်ဇော်(ဘ)ဦးတင်ဦး ၇/ပခန(နိုင်)၅၅၉၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

ကျင်နိတ်ဌေး(ဘ)ဦးကမ်လင်မွံ ၅/တမန(နိုင်)၀၆၉၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

မြသောင်း(ဘ)ဦးအုပ်၉/ဓနန(နိုင်)၀၁၃၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 939543)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၃၉၀၁၃၁

ပျောက်ဆုံးကြောင်း

စန္ဒာမောင်အေး(ဘ)ဦးမောင်အေး ၃/ကကရ(နိုင်)၂၇၀၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 650861)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၆၆၅၄၁

ပျောက်ဆုံးကြောင်း

အောင်ဇာဟိန်း(ဘ)ဦးဌေးဝင်း ၁၂/ကမရ(နိုင်)၀၅၂၆၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၉၇၄၉၃

ပျောက်ဆုံးကြောင်း

ဇလွန်မြို့နယ်၊ ဂျမ်းတိုက်အုပ်စု၊ ရွှေကျောင်းရွာနေ အောင်ကျော်မင်း(ဘ)ဦးညွှန့်ရွှေ ၁၄/ဇလန(နိုင်)၁၉၁၄၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 646672)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

ကျိုက်မရောမြို့နယ်၊ ဖက်ထေးကုန်းရွာနေ စိုးအောင်(ဘ)ဦးလှဝင်း ၁၀/ကမရ(နိုင်)၁၇၀၁၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 353107)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

ဆိပ်ဖြူမြို့နယ်နေ ဌေးဇော်(ဘ)ဦးလှကြွား ၈/ဆဖန(နိုင်)၁၀၉၉၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 493400)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်နေ မြင့်မြင့်ဝေ(ဘ)ဦးသိန်းထွန်း ၉/ပဘန(နိုင်)၂၂၃၈၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 854887)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ဆိပ်ဖြူမြို့နယ်နေ စန်းဌေးဦး(ဘ)ဦးပေါထွန်း ၈/ဆဖန(နိုင်)၀၉၈၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 493399)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

ချမ်းမြေထွန်း(ဘ)ဦးထွန်းရွှေ ၁၂/အစန(နိုင်)၁၈၁၅၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 733230)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

စအောင်အောင်သူ(ဘ)ဦးလယ်ဘော ၁၄/မမက(နိုင်)၂၆၇၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 363778)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

ရန်အောင်(ဘ)ဦးသောင်းညွှန့်၇/သဝတ(နိုင်)၁၁၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

နေခြည်ဦး(ဘ)ဦးထလုံး ၁၂/ဗဟန(နိုင်)၀၇၄၉၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၆၄၆၀၂၉

ပျောက်ဆုံးကြောင်း

ဆန်းလင်းအောင်(ဘ)ဦးမြင့်စိုး ၁၄/လမန(နိုင်)၁၁၇၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 068083)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၇၄၆၂၅၂

ပျောက်ဆုံးကြောင်း

ဇော်လွင်ဦး(ဘ)ဦးကြည်အောင် ၈/နမန(နိုင်)၁၃၈၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 929494)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၇၆၁၂၇

ပျောက်ဆုံးကြောင်း

ရမ်းဗြဲမြို့နယ်၊ ဝက်ကိုက်ချောင်းရွာနေ မောင်စိုးနိုင်(ဘ)ဦးအောင်ထွန်း တင်၁၁/ရုဇန(နိုင်)၁၀၅၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 336955)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

ထန်းတပင်မြို့၊ အောင်းရွာနေ အောင်မင်းဝိုး(ဘ)ဦးကြည်ဝင်း ၇/ထတပ(နိုင်)၀၇၇၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 781782)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၄၈၅၉၃

ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နေ မိုးဝင်းအောင်(ဘ)ဦးမြစ် ၉/ပဘန(နိုင်)၂၀၉၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 087842)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

မြို့သစ်မြို့နယ်၊ ဇီးလုံးရွာနေ အောင်ကိုလင်း(ဘ)ဦးကြည်အေး ၈/မသန(နိုင်)၁၆၅၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 483513)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ အင်းသာရွာနေ နိုင်မင်းဟိန်း(ဘ)ဦးပေါက်စ ၅/ယမပ(နိုင်)၀၇၆၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 131845)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၈၀၅၇၂၅

ပျောက်ဆုံးကြောင်း

သာလင်းထက်(ဘ)ဦးဝင်းစိုး ၁၂/မရက(နိုင်)၂၀၅၆၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

စိုင်းရဲနိန်နော်(ဘ)ဦးအိုက်နွဲ့ ၁၃/ကတန(နိုင်)၁၈၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 793982)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၈၅၈၉၃၁

ပျောက်ဆုံးကြောင်း

မိုးမိုးနွဲ့(ဘ)ဦးခွန်းထက် ၂/ဒမဆ(နိုင်)၀၄၆၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 539807)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၉၈၀၀၉၂

ပျောက်ဆုံးကြောင်း

ညီညီ(ဘ)ဦးပိုင် ၁၂/ကတန(နိုင်)၁၅၂၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

ဇော်ဝင်းအောင်(ဘ)ဦးမြသန်း ၁၂/တကန(နိုင်)၀၂၄၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၉၂၄၀၄၀

ပျောက်ဆုံးကြောင်း

အေးရွှေ(ဘ)ဦးလိန်ကီး ၄/မတန(နိုင်)၀၄၅၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၀၇၅၂၀၇

ပျောက်ဆုံးကြောင်း

လှိုင်းဘွဲ့မြို့နယ်၊ ငှက်ပျောတောရွာနေ စောထွန်းချစ်ဝင်း(ဘ)ဦးစကင်း ၃/လဘန(နိုင်)၁၉၃၅၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 602006)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

ဘားအံမြို့၊ ကျုံစောင်အုပ်စု၊ ရွာသစ်ရွာနေ ခွန်ကိုကိုနိုင်(ဘ)ဦးခွန်အောင်မြင့် ၃/ဘအန(နိုင်)၃၆၅၅၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 860964)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ဖုန်း-၀၉-၇၇၅၅၇၃၀၅၂

ပျောက်ဆုံးကြောင်း

ဝေါမြို့နယ်နေ အောင်မြတ်သူ(ဘ)ဦးတင်အောင် ၇/၀မန(နိုင်)၂၀၁၂၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 353111)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

မြန်အောင်မြို့နယ်၊ ငှက်ကြီးတွင်းအုပ်စု၊ မြေပြာရွာနေ သော်ဇင်ထိုက်(ဘ)ဦးသန်းထိုက် ၁၄/မအန(နိုင်)၂၇၃၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 844253)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

ဘီးလင်းမြို့နယ်၊ မုသက်ရွာလယ်နေ စိုးသန္တာထွန်း(ဘ)ဦးသိုက်စိုးထွန်း ၁၀/ဘလန(နိုင်)၁၇၆၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 453289)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၄



ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၇၆

STARMART NINE MILE Showroom-(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale- ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀ ၂၂၄၄

STARMART Nay Pyi Taw- ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် TNLA အဖွဲ့မှ ဗျူဟာမှူးအဆင့်ရှိသူတစ်ဦးအပါအဝင် အဖွဲ့ဝင် ၂၀၀ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံ

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်အစိုးရသည် PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း

စာမျက်နှာ ၁၅ ကော်လံ ၁ ▲

လူမှုမီဒီယာမှတစ်ဆင့်ထုတ်ပြန်ခဲ့သော ဂျာမနီသံရုံးယာယီတာဝန်ခံ၏ ဗီဒီယိုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ခေါ်ယူသတိပေးပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်ကာ ရန်ကုန်မြို့ရှိ ဂျာမနီသံရုံး ယာယီတာဝန်ခံ မစ္စတာ မာသီးရက်စ် လေရှာ့စ်အား ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံ၍ ဂျာမနီသံရုံး၏ လူမှုကွန်ရက်စာမျက်နှာ၌ နိုဝင်ဘာလ ၈ ရက်တွင် ထုတ်ပြန်ခဲ့သော သံရုံးယာယီတာဝန်ခံ၏ဗီဒီယိုနှင့်ပတ်သက်၍ ခေါ်ယူသတိပေးပြောကြားခဲ့ပြီး သတိထောက်လွှာပေးအပ်ခဲ့သည်။

ထိုသို့ခေါ်ယူတွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ဂျာမနီနိုင်ငံသည် ခိုင်မာသည့် ဒီမိုကရေစီစနစ်ရှိရုံသာမက ဖြစ်သည့် သံရုံးယာယီတာဝန်ခံအနေဖြင့် နိုင်ငံကြီးသားပီသစွာဖြင့် သံတမန်လုပ်ငန်းများကို လုပ်ဆောင်မည်ဟုမျှော်လင့်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းဖြင့် ပြည်သူကရွေးကောက်တင်မြှောက်ထားသည့် အစိုးရတာဝန်ယူနေပြီဖြစ်ကြောင်း၊ သံရုံးယာယီတာဝန်ခံ၏ပြောကြားချက်သည် အိမ်ရှင်နိုင်ငံ၏ နိုင်ငံတော်အကြီးအကဲကို တိုက်ရိုက်စော်ကားရာရောက်သည့်အပြင် ရွေးကောက်ပွဲ၌မဲပေးခဲ့ကြသည့် မြန်မာပြည်သူ ၁၃ သန်းကျော်ကို မထီမဲ့မြင် ပြုရာရောက်ကြောင်း၊ သံရုံးယာယီတာဝန်ခံအနေဖြင့် ဗီဒီယိုရိုက်ကူးသည့်နေရာရွေးချယ်မှုအပါအဝင် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူပြောဆိုဆောင်ရွက်မှုများသည်

စာမျက်နှာ ၂၀ ကော်လံ ၄ ✦

ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၀

အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီးအားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဘော်လီဘော(အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကိုယနေ့နံနက်ပိုင်းတွင်

စာမျက်နှာ ၂၀ ကော်လံ ၁ ⇨

M League 2026 U-20 လူငယ်လိင်အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ရတနာပုံအသင်းက ရှမ်းယူနိုက်တက်အသင်းကို အနိုင်ယူ

ရန်ကုန် နိုဝင်ဘာ ၁၀

M League 2026 U-20 လူငယ်လိင်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၃) နောက်ဆုံးနေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ဗဟန်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့်



စာမျက်နှာ ၂၀ ကော်လံ ၅ ▼

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေးဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ

စာမျက်နှာ ၁၈ ကော်လံ ၁ ➢